ကြေးမုံ
The Mirror

၁၃၆၅ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ရက်၊ သောကြာနေ့၊ (18-7-2003) (၃၉၃၅)

ယနေ့ထုတ်စောင်ရေ ၂၂၄၄၁၇

ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

မြေသယံဇာတ၊ ရေသယံဇာတများကို အကျိုးရှိရှိ အသုံးချ စီးပွားရေးပိုမိုတိုးတက်ရန် စိုက်ပျိုးမွေးမြူရေး အဓိကဆောင်ရွက်

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တောင်ငူခရိုင်ဌာနဆိုင်ရာများအားမှာကြား

ရန်ကုန် ဇူလိုင် ၁၇

ပဲခူးတိုင်း ပဲခူးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ပဲခူးတိုင်းမှတိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၁၄ရက်ညနေပိုင်းတွင် ပဲခူး–ညောင်လေးပင် လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှု၊ မိုးစပါးများစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညောင်လေးပင်မြို့နယ် စမ်းကလေးကျေးရွာအုပ်စု မိုင်တိုင်(၁၀၂/၂)၌ ၂၀၀၃–၂၀၀၄ခုနှစ် မိုးစပါး မြို့ဝင်ဧက ၁၀၀ စံပြကွက်ဆောင်ရွက်မည့် စိုက်ခင်းများသို့ရောက်ရှိကြသည်။ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် **တာဝန်ရှိသူများက ကြိုဆိုကြသည်။** စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

နတ်သားတောရေလှောင်တမံနှင့် ရေထုတ်ပြွန်

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော နတ်သားတော ရေလှောင်တမံနှင့် ရေထုတ်ပြွန်ကို ဇူလိုင် ၁၀ရက်က တွေ့ရစဉ်။

[ဓာတ်ပုံမှတ်တမ်းတင်–အောင်မိုး(ကြေးမုံ)]

မိုးနည်းရပ်ဝန်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေး (၁၄၉)ခုမြောက် နတ်သားတော ရေလှောင်တမံတည်ဆောက်ပြီးစီး၍ မကြာမီဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၁၇

ကွင်းဆင်းလေ့လာရေးသားသူ ကျော်စိန်

ဓာတ်ပုံမှတ်တမ်းတင် အောင်မိုး(ကြေးမုံ)

နိုင်ငံတော်သည် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးဖြစ်သော သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေရရှိရေး အကောင်အထည်ဖော်ခြင်းစသော လုပ်ငန်းကြီးလေးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှု၍ အချိန်တိုအတွင်း ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စား ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အချို့နေရာဒေသများတွင် ဒေသစိမ်းလန်းစိုပြည်ရေးနှင့် လယ်ယာသီးနှံတိုးတက်ရေးကိုသာမက **စာမျက်နှာ ၈ ကော်လံ ၁ သို့** ⇨

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၈-၇-၂၀၀၃
(သောကြာနေ့)

ပညာရေးရည်မှန်းချက်များ အောင်မြင်ရေး အားကြိုးမာန်တက် ဆက်လက်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် အခြေခံပညာအဆင့်မှ အဆင့်မြင့်ပညာအဆင့်အထိ အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေး၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးတို့အတွက် အမျိုးသား ပညာရည်မြင့်မားရေး စီမံကိန်းများကို စနစ်တကျချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံလိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးနေသည့်နည်းတူ ပညာရေးကဏ္ဍတွင်လည်း ပြည်နယ်နှင့် တိုင်းအားလုံးတို့တွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာ အဆင့်များအားလုံးကွာဟမှုမရှိစေရန် စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းနေသည့်သတင်းနှင့် နည်းပညာ ပညာရပ်များကို အခြေခံပညာအဆင့်မှပင် စတင်သင်ကြားပေးလျက်ရှိသည်။

အဆင့်မြင့်ပညာကဏ္ဍတွင် ယခင်က ပြည်နယ်နှင့်တိုင်း မြို့ကြီးများတွင်သာ တက္ကသိုလ်၊ ကောလိပ်များရှိခဲ့သည်။ ယခုအခါ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် နေထိုင်ကြသည့် လူငယ်၊ လူရွယ်အားလုံး အဆင့်မြင့်ပညာရပ်များ ဒေသတွင်း၌ပင် အလွယ်တကူ သင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိစေရန် ဖြည့်ဆည်းပေးလျက်ရှိသည်။ ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ၁၅၄ ခုအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင်လ ၁၄ ရက်နေ့က ပဲခူးဒီဂရီကောလိပ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် **တာဝန်ရှိသူအဆင့်ဆင့်နှင့် ဆရာ၊ ဆရာမများ အနေဖြင့်လည်း ဒီဂရီကောလိပ်များကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်သွားမည့်အစီအစဉ်များ ရှိနေပြီဖြစ်၍ တက္ကသိုလ် အဆင့်တွင် ရှိသင့်ရှိအပ်သည်များကို ကြိုတင်မျှော်မှန်းဆောင်ရွက်ထားကြရန်** မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်တိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် နည်းပညာကောလိပ်များ၊ ဆေးရုံကြီးများ တည်ဆောက်ဖွင့်လှစ် ပေးလျက်ရှိသည်။ ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရန် လမ်းနှင့်တံတားများကို ငွေကြေးအကုန်အကျများစွာဖြင့် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ရှမ်းပြည်နယ်တွင် တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံတို့၌ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များရှိပြီးဖြစ်သော်လည်း ကွက်လပ်အဖြစ်ကျန်ရှိနေသည့် လွိုင်လင်ခရိုင် ၁၁ မြို့နယ်ရှိ လူငယ်၊ လူရွယ်များ အဆင့်မြင့်ပညာ သင်ကြားမှု လွယ်ကူစေရန် စီမံဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ သမိုင်းဝင် ပင်လုံဒေသတွင် ပင်လုံတက္ကသိုလ်၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်များကို တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အလားတူပင် ကချင်ပြည်နယ်တွင်လည်း ယခင်က မြစ်ကြီးနား တက္ကသိုလ်သာရှိခဲ့ရာမှာ ဗန်းမော်ဒေသမှ လူငယ်များ အဆင့်မြင့်ပညာ သင်ကြားနိုင်ရန် ဗန်းမော်ဒီဂရီကောလိပ်ကို တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။ ထပ်မံ၍ မိုးညှင်းဒေသအတွက် မိုးညှင်းဒီဂရီကောလိပ်ကို တည်ဆောက်လျက်ရှိရာ မကြာမီဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတောင်ပိုင်းတွင် ထားဝယ်တက္ကသိုလ်ရှိပြီးဖြစ်သည်။ သွားလာမှုခက်ခဲသည့် တနင်္သာရီတိုင်းအတွင်း မြိတ်၊ ကော့သောင်း၊ ဘုတ်ပြင်းစသည့် ဒေသနေ လူငယ်လူရွယ်များ အဆင့်မြင့်ပညာ သင်ကြားမှု လွယ်ကူစေရန် မြိတ်တက္ကသိုလ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဧရာဝတီတိုင်းတွင် ပုသိမ်တက္ကသိုလ်သာရှိနေရာမှ ဟင်္သာတ တက္ကသိုလ်ကို ထပ်မံတည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။ ထို့အပြင် ပင်လယ်ပိုင်းဒေသဖြစ်သည့် ဒေးဒရဲ၊ ကျိုက်လတ်၊ ဘိုကလေး၊ ဖျာပုံ ဒေသများရှိ လူငယ်၊ လူရွယ်များအတွက် မအူပင်တက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်တို့ကို အသစ်ထပ်မံ တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ ပညာရေးမျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် အမျိုးသားပညာရည် မြင့်မားရေး စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍများတွင် တာဝန်ထမ်းဆောင်လျက်ရှိသူ ဆရာ၊ ဆရာမများအနေဖြင့် အားကြိုးမာန်တက် ဆက်လက်၍ ကြိုးပမ်းထမ်းရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှာစကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဆယ်ကျော်သက်ရွယ်မျိုးဆက်ပွား ကျန်းမာရေးစီမံချက်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အဖွင့်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇူလိုင် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်အဖြစ် ယင်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်မြင့်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

ဆယ်ကျော်သက်ရွယ် မျိုးဆက်ပွားကျန်းမာရေး စီမံချက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့ ပူးပေါင်းကျင်းပသည့် ဆယ်ကျော်သက်ရွယ် မျိုးဆက်ပွားကျန်းမာရေး စီမံချက်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် ကော်မတီဝင်များ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Nagib M. Assifi နှင့် တာဝန်ရှိသူများ၊ ဆွေးနွေးပို့ချကြမည့် ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Nagib M. Assifi က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် စီမံချက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲတွင် ပြည်နယ်နှင့်တိုင်းအလိုက် အဖွဲ့များခွဲ၍ မိမိတို့ပြည်နယ်နှင့်တိုင်းများ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။

(သတင်းစဉ်)

ဝူရှူးဆန်းဆို လူရွေးပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

နိုင်ငံတကာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဆန်းဆိုလူရွေးပွဲကို ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။ အမျိုးသား ဆန်းဆိုပြိုင်ပွဲတွင် ၅၂၊ ၅၆၊ ၆၀၊ ၆၅၊ ၇၀ ကီလိုတန်းများနှင့် အမျိုးသမီး ဆန်းဆိုပြိုင်ပွဲတွင် ၄၈၊၅၂၊ ၅၆၊ ၆၀ ကီလိုတန်းများ ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဖုန်း-၇၀၃၃၂၅သို့ ဩဂုတ် ၂၂ ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

ပြည်တွင်းပုလဲရောင်းချပွဲနှင့် ပုလဲလက်ဝတ်ရတနာဒီဇိုင်းပြပွဲ/ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ပုလဲများကို ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲနှင့် ပုလဲလက်ဝတ်ရတနာဒီဇိုင်း ပြပွဲ/ပြိုင်ပွဲကို ချိပ်ပိတ်စနစ်/ဈေးပြိုင်စနစ်များဖြင့် ဇူလိုင် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ လာရောက်ယှဉ်ပြိုင်ကြည့်ရှုဝယ်ယူနိုင်ကြောင်းသိရသည်။ အသေးစိတ်စုံစမ်းမေးမြန်းလိုသူ များသည် အမှတ်(၉၀) ကံဘဲ့ ရန်ကင်းမြို့နယ်ရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဖုန်း-၅၅၄၇၄၆၊ ၅၇၁၀၃၈နှင့် ၅၇၈၄၇၀ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

အီရတ်၌ ရက်အကန့်အသတ်မရှိနေထိုင်ရန် ဆုံးဖြတ်ချက် ဖော်လူဂျာရှိ အမေရိကန်တပ်သားများ အလွန်အမင်းစိတ်ပျက်

ဖော်လူဂျာ ဇူလိုင် ၁၆

အီရတ်နိုင်ငံသားများ၏ တိုက်ခိုက်မှု နေ့စဉ်နီးပါးလိုလိုခံနေရပြီး အီရတ်ပြည်သူများလိုလားနှစ်မြို့က်ခြင်း မရှိသည့် အီရတ်နိုင်ငံ၏ တည်ငြိမ်မှုမရှိသေးသော ဖော်လူဂျာရှိ အမှတ်(၃) ခြေလျင်တပ်ရင်းမှ အမေရိကန်စစ်သားများသည် အီရတ်နိုင်ငံတွင် ရက်အကန့်အသတ်မရှိ ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ချက်အပေါ် အလွန်အမင်း စိတ်ပျက်မိကြကြောင်းဖြင့် ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တွေ့ကြုံနေရ

အဆိုပါ ဒေသမှ စစ်သားများအား ဇူလိုင်နှင့် ဩဂုတ်လတွင် ပြည်တော်ပြန်စေရန် ယခင်က အစီအစဉ်များရှိသော်ငြားလည်း အီရတ်နိုင်ငံတွင် ခြိမ်းခြောက်မှုများတိုးမြင့်များပြားလာမှုနှင့် တွေ့ကြုံနေမှုကြောင့် အမှတ်(၃) ခြေလျင်တပ်ရင်းမှ ထောင်ချီရှိသော စစ်သားများအနေဖြင့် အီရတ်နိုင်ငံတွင် ဆက်လက်၍နေထိုင်ရမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့က ပြောကြားသည်။

အဆိုပါအမှတ်(၃)ခြေလျင်တပ်ရင်းသည် အီရတ်စစ်ပွဲဖြစ်ပွားခဲ့စဉ်ကတည်းက ဘဂ္ဂဒက်မြို့တော်သို့ ဝင်ရောက်ခဲ့သည့် ပထမဆုံးသော အမေရိကန်တပ်ဖွဲ့ဖြစ်သည်။ အီရတ်စစ်ပွဲဖြစ်ပွားစဉ်နှင့် စစ်ပွဲဖြစ်ပွားအပြီး အဆိုပါတပ်ရင်းမှတပ်သား ၃၇ ဦး သေဆုံးခဲ့ရသည်။

အမေရိကန် တပ်သားများသည် ရာထူးမှ ဖယ်ရှားခံရသည့် အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်၏ လက်နက်ကိုင် ဂိုဏ်းများနှင့် အမေရိကန်တပ်သားများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးသူ အီရတ်နိုင်ငံသားများ၏ ဆွေမျိုးသားချင်းများက လက်စားချေရန် ကြိုးပမ်းနေကြသော တိုက်ခိုက်မှုများကို ခံနေရသည်။

မင်သက်မိ

ဌာနေပြန်နိုင်ရန် သတင်းစကားကြိမ်ဖန်များစွာ ကြားခဲ့ပြီးသည့်နောက် အမှတ်(၃) ခြေလျင်တပ်ရင်းမှ စစ်သားများသည် ဖော်ပြပါ ဆုံးဖြတ်ချက်သတင်းကြောင့် မင်သက်မိ ကြက်သေသေသလိုဖြစ်သွားကာ ဖော်လူဂျာမြို့၏ သဲတရှပ်ရှပ်လမ်းမများသည်ကိုတင် မသိမြင်နိုင်သော အနာဂတ်အတွက် ၎င်းတို့ နေထိုင်ရာ ဘူမိနက်သန်အဖြစ် ဆက်လက် တည်ရှိနေနိုင်မည် ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များ၏ တာဝန်ဝတ္တရားများကို အချိန်အကန့်အသတ်မရှိ တိုးချဲ့လိုက်သည်ဆိုသော သတင်းစကားကြောင့် အီရတ်နိုင်ငံ ဟာဘာနီယာမြို့၌ ကင်းလှည့်နေစဉ် ခေတ္တရပ်နားခိုက် စိတ်ပျက်လက်ပျက် ဖြစ်နေရှာသည့် အမေရိကန်တပ်သား တစ်ဦးအား ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတကာ သတင်းများ

နိုင်ငံတကာဆက်သွယ်ရေးဂြိုဟ်တု တစ်လုံးကို တင်ဆောင်ထားသည့် အေရီယန်-၄ ဒုံးပျံကို ပြင်သစ်နိုင်ငံရှိ ဥရောပအာကာသစခန်းမှ လွှတ်တင်စဉ်။ (အဆိုပါ အင်တယ်လ်ဆက်-၉၀၆ ဂြိုဟ်တုကို လိုရယ်အာကာသနှင့်ဆက်သွယ်ရေးကုမ္ပဏီက တည်ဆောက်ခဲ့သည်။ ယင်းကုမ္ပဏီသည်ဒေဝါလီခံရမှုမှကာကွယ်မှုရရှိရန် တရားရုံးထံ လျှောက်ထားခဲ့ပြီး ဂြိုဟ်တုခြောက်လုံးကို ဒေါ်လာသန်း ၁၁၀၀ဖြင့် အင်တယ်လ်ဆက်ကုမ္ပဏီသို့ ရောင်းချရန် သဘောတူညီခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် နေ့စဉ်လိုလို ပြောက်ကျားတိုက်ခိုက်မှုများဖြစ်ပေါ်နေ နိုင်ငံစုံမှ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များစေလွှတ်ရေး ထိခိုက်

ဘဂ္ဂဒက် ဇူလိုင် ၁၆

အီရတ်နိုင်ငံတွင် နေ့စဉ်နေ့တိုင်းနီးပါး ပြောက်ကျားတိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည့် အမေရိကန်တို့က အီရတ်နိုင်ငံ၏ အခြေအနေကို ထိန်းသိမ်းရန် နိုင်ငံအများအပြားမှ တပ်ဖွဲ့များ စေလွှတ်ပေးရန် တောင်းခံထားသည်။ သို့သော် နိုင်ငံအနည်းငယ်ကသာ တပ်ဖွဲ့ဝင် မဆိုစလောက်ကို စေလွှတ်ပေးခဲ့သည်။ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များက အီရတ်ကိုစစ်တိုက်ရာ၌ အခြေခံခဲ့သော အကြောင်းပြချက်နှင့် ပတ်သက်၍ လူအများက အယုံအကြည်မရှိဘဲ ဖြစ်နေသည်။ သံသယဖြစ်နေသည်။ ထိုပြဿနာကြောင့် အီရတ်သို့နိုင်ငံစုံမှ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်များစေလွှတ်ရေးကိစ္စမှာလည်း ထိခိုက်နေရသည်။ အီရတ်တွင်စစ်ပန်းနေသော အမေရိကန်တပ်များအတွက်လည်း အစားထိုးမည့် တပ်များမရ၍ အခက်တွေ့လျက်ရှိသည်။

ပြင်သစ်၊ ဂျာမနီနှင့် အိန္ဒိယနိုင်ငံတို့သည် အီရတ်သို့ ၎င်းတို့၏တပ်များ စေလွှတ်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ ၎င်းတို့က အီရတ်သို့ တပ်များ စေလွှတ်ရေးကိစ္စမှာ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ပါမှသာ ဆောင်ရွက်နိုင်မည်ဟု ဆိုသည်။

ပြင်သစ်နိုင်ငံ သမ္မတဂျက်ရှီရက်သည် ချက်နိုင်ငံ သမ္မတနှင့် တွေ့ဆုံရာ၌ လက်ရှိအခြေအနေတွင် ပြင်သစ် နိုင်ငံအနေဖြင့် မိမိ၏တပ်များကို အီရတ်သို့ စေလွှတ်နိုင်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ပြင်သစ် သမ္မတသည် အီရတ်စစ်ပွဲကို ဦးဆောင်ဆန့်ကျင်နေသူတစ်ဦးဖြစ်သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနီဒီဗီလက်ပန်က ပြင်သစ်တပ်များအီရတ်သို့ စေလွှတ်ရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ သဘောတူညီချက်မပါလျှင် စဉ်းစားနိုင်မည်မဟုတ်ဟု ဆိုခဲ့သည်။ ပြင်သစ်သမ္မတကလည်း ထိုစကားကိုပင် ပြန်လည်သုံးစွဲခဲ့သည်။ ***အင်တာနက်။***

အမေရိကန် စစ်ဘက်ဆိုင်ရာလေယာဉ်ကို ဒုံးကျည်ဖြင့်ပစ်ခတ်

ဘဂ္ဂဒက် ဇူလိုင် ၁၆

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ လေဆိပ်၌ ဆင်းသက်ရန် ပျံသန်းလာသော အမေရိကန် စီ-၁၃၀အမျိုးအစား စစ်ဘက်ဆိုင်ရာ သယ်ယူပို့ ဆောင်ရေး လေယာဉ်တစ်စီးကို မြေပြင်မှ ပေဟင်ပစ်ဒုံးကျည်တစ်လုံးဖြင့် ပစ်ခတ်ရန် ကြိုးပမ်းခဲ့သော်လည်း လေယာဉ်ကို ဒုံးကျည်ထိမှန်ခဲ့ခြင်း မရှိကြောင်း၊ ဗုဒ္ဓဟူးနေ့က ဖြစ်ပွားသော ယင်းဖြစ်ရပ်သည် ရက်သတ္တနှစ်ပတ်ကာလ အတွင်း ဒုတိယအကြိမ် အလားတူ ဖြစ်ပွားခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၈နာရီ ၄၅မိနစ်ခန့်တွင် ဖြစ်ပွားခဲ့သော ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ပစ်ခတ်လိုက်သော ဒုံးကျည်က အမေရိကန်စစ်ဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးဆီသို့ မည်သို့ရောက်ရှိခဲ့သည်ကို အမေရိကန် စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်သို့ အိန္ဒိယတပ် မလွှတ်ရန်ဆုံးဖြတ်ချက် သတင်းစာများနှင့် အတိုက်အခံတို့ အစိုးရကို ချီးကျူး

နယူးဒေလီ ဇူလိုင် ၁၅

အီရတ်သို့အိန္ဒိယတပ်များ စေလွှတ်ခြင်းမပြုရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို အိန္ဒိယသတင်းစာများနှင့် အတိုက်အခံများက ချီးကျူးပြောကြားလိုက်ကြသည်။

အီရတ် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်သို့ အိန္ဒိယတပ်သား ၁၇၀၀၀ စေလွှတ်ရန် အမေရိကန်အစိုးရ၏ မေတ္တာရပ်ခံချက်ကို အိန္ဒိယ ဝန်ကြီးချုပ်ဗာဂျ်ပါယီးက မူလကလမ်းဖွင့်ပေးထားသော်လည်း နောက်ဆုံးတွင် ဝန်ကြီးချုပ်ဗာဂျ်ပါယီးသည် အမေရိကန်၏ မေတ္တာရပ်ခံချက်ကို ပယ်ချလိုက်သည်။ ***အင်တာနက်။***

အိန္ဒိယနှင့် ပါကစ္စတန် ငြိမ်းချမ်းရေး ရရှိဖွယ်

ဝါဂါအီ(ပါကစ္စတန်) ဇူလိုင် ၁၆

ပါကစ္စတန်နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအသစ် ရှစ်ရှန်ကာမီနွန်သည် ပါကစ္စတန်နိုင်ငံတွင်းသို့ ကုန်းလမ်းခရီးဖြင့် အင်္ဂါနေ့က ဖြတ်ကျော် ဝင်ရောက်လာပြီး တောင်အာရှဒေသမှ နျူကလီးယား လက်နက်များပိုင်ဆိုင်ကြသည့် အိမ်နီးချင်း နှစ်နိုင်ငံအကြား တင်းမာမှုများ လျော့နည်းသွားပြီးနောက် ငြိမ်းချမ်းရေးရရှိရေးမှာ ဖြစ်နိုင်ဖွယ်ရှိကြောင်း ပြောကြားလိုက်သည်။

အသက်(၅၃)နှစ် အရွယ်ရှိ မီနွန်သည် ယခုလောလောဆယ် နှစ်နိုင်ငံအကြား ဖွင့်လှစ်ထားသည့် တစ်ခုတည်းသော တရားဝင် နယ်စပ်စခန်းဖြစ်သည့် ဝါဂါအီကို ဖြတ်ကျော်ဝင်ရောက်လာခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ထိပ်တန်းသံတမန်များအနက် တစ်ဦးဖြစ်သည်ဟု ယူဆထားသည့် မီနွန်သည် အစ္စရေး၊ သီရိလင်္ကာနှင့် တရုတ်ပြည်တို့၌ အိန္ဒိယသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

မိမိ၏တာဝန်ဝတ္တရားမှာ အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား ငြိမ်းချမ်းပြီးချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးအတွက် အခြေအနေဖန်တီးရန်ပင်ဖြစ်ကြောင်း၊ မိမိရောက်ရှိလာမှုသည်အပြုသဘောဖြစ်ပေါ်ပြောင်းလဲမှုများ၏ လက္ခဏာတစ်ရပ်ပင် ဖြစ်ကြောင်း ၎င်းကသတင်းထောက်များအား ပြောကြားသည်။

ဆက်လက်ကျင်းပမည်

နှစ်ဖက်စလုံးမှ သံတမန်များခန့်အပ်ပြီးသည့်အတွက် နှစ်နိုင်ငံဆွေးနွေးပွဲများ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

နှစ်နိုင်ငံ ငြိမ်းချမ်းရေးမှာ သေချာပေါက် ဖြစ်နိုင်ဖွယ်ရှိကြောင်းဖြင့်လည်း၎င်းကပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဆန့်ကျင်ဆန္ဒပြ

အသစ်ဖွဲ့စည်းထားသည့် အီရတ်အုပ်ချုပ်ရေးကောင်စီကို ဆန့်ကျင်ဆန္ဒပြရန် ဘဂ္ဂဒက်မြို့တောင်ဘက် ၃၇၃ မိုင်အကွာ ဘာဆရာမြို့မှ ဗြိတိသျှတပ်ဖွဲ့များ၏ ဌာနချုပ်ရှေ့တွင် စုရုံးရောက်ရှိနေသည့် အီရတ်နိုင်ငံသားများအား ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ် အုပ်ချုပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ ကုလလုံခြုံရေးကောင်စီ၌ မိန့်ခွန်းပြောကြားမည် မျှော်လင့်ရ

ကုလသမဂ္ဂ ဇူလိုင် ၁၆

အီရတ်နိုင်ငံ၏ အုပ်ချုပ်ရေးကောင်စီမှ ကိုယ်စားလှယ်အဖွဲ့သည် လာမည့်သီတင်းပတ်တွင် ကုလသမဂ္ဂဌာနချုပ်သို့ လာရောက်လည်ပတ်မည်ဖြစ်ကြောင်းနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မိန့်ခွန်းပြောကြားမည်ဟု မျှော်လင့်ကြောင်းဖြင့် ကုလသမဂ္ဂ တာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့၌ ပြောကြားသည်။

မျှော်လင့်

လာမည့် ကြာသပတေးနေ့တွင် လာရောက်မည်ဟု ယာယီသတ်မှတ်ထားသည့် အဆိုပါ အလည်အပတ်ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံ ၁၉၁ နိုင်ငံတက်ရောက်သည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အီရတ်နိုင်ငံ၏ နေရာ၌ နေရာယူခွင့်ပြုရန်လည်း ကုလသမဂ္ဂကို ပြောဆိုမည်ဟု မျှော်လင့်ရသည်။ အဆိုပါနေရာမှာ ယခင်က ဆက်ဒမ်ဟူစိန်၏ အီရတ်အစိုးရအတွက် နေရာဖြစ်သည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့၏ ကုလသမဂ္ဂ အလည်အပတ်ခရီးစဉ်သည် အီရတ်နိုင်ငံအား အုပ်ချုပ်နေသည့် အမေရိကန်နှင့်ဗြိတိန်တပ်ဖွဲ့များက ခန့်အပ်ပြီးနောက် တနင်္ဂနွေနေ့က ပထမဆုံးအကြိမ် အစည်းအဝေး ကျင်းပခဲ့သော အဖွဲ့ဝင် ၂၅ ဦးပါ အီရတ်အုပ်ချုပ်ရေးကောင်စီ၏ ပထမဆုံး တရားဝင်လှုပ်ရှားမှုများအနက် တစ်ခုဖြစ်လိမ့်မည်ဖြစ်သည်။

မျှော်လင့်ထားသည့်အတိုင်း လုံခြုံရေးကောင်စီတွင် မိန့်ခွန်းပြောကြားရန် အတည်ပြုခဲ့လျှင် အီရတ်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဒီမဲလိုးက အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ကုလသမဂ္ဂ၏အားထုတ်မှုများအပေါ် ပထမဆုံးအကြိမ် တိုးတက်မှု အစီရင်ခံစာတင်ပြမည့် တစ်နေ့တည်းမှာပင် အီရတ်အုပ်ချုပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့သည် အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သည့် လုံခြုံရေးကောင်စီတွင် မိန့်ခွန်းပြောကြားမည် ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်စစ်သည်များ ပြည်တော်ပြန်ရေး အလှမ်းဝေးနေ အီရတ်တွင် လုံခြုံရေးထိန်းသိမ်းမပေးနိုင်သောပြဿနာ ရင်ဆိုင်နေရ

ဘဂ္ဂဒက် ဇူလိုင် ၁၆

အီရတ်နိုင်ငံတွင် သေဆုံးခဲ့သော အမေရိကန်စစ်သားဦးရေသည် ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲအတွင်းက သေဆုံးခဲ့ရသော စစ်သားဦးရေကို မီလုနီးပါးအထိ မြင့်တက်လာပြီဖြစ်သည်။

ထိုသို့ ကျဆုံးသူဦးရေ တိုးလာသော်လည်း အရေးပါသောနေရာရှိ ထောင်ပေါင်းများစွာသော အမေရိကန်စစ်သားများကို အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းမည်မဟုတ်ဘဲ ရက်အကန့်အသတ်မရှိ အီရတ်၌ ဆက်လက်ချထားမည်ဟု အမေရိကန် စစ်ဘက်က ထုတ်ပြန်ကြေညာသည်။

ရင်ဆိုင်နေရ

အမေရိကန်သမ္မတဘုရှ် အစိုးရသည် အီရတ်နိုင်ငံ၌ လုံခြုံရေးကို ထိန်းသိမ်းမပေးနိုင်သော ပြဿနာနှင့် ရင်ဆိုင်နေရသကဲ့သို့ အမေရိကန်ပြည်တွင်း၌လည်း နိုင်ငံရေးမုန်တိုင်းပြင်းထန်သည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။

အမေရိကန်သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရန်အတွက်အကြောင်းပြအဖြစ် အသုံးပြုခဲ့သော စီအိုင်အေ ထောက်လှမ်းရေးသတင်းကိစ္စနှင့် ပတ်သက်၍ ပြည်တွင်း၌ သင်္ကာရှင်းနေရသည်။

ကမ္ဘာ့ကုလသမဂ္ဂမှ လက်နက်စစ်ဆေးရေးမှူးနှစ်ဦးက သမ္မတဘုရှ်သည် မှသားအကြောင်းပြချက်များအပေါ်အခြေခံ၍ အီရတ်ကို စစ်ပြုခဲ့သည်ဟု စွပ်စွဲခဲ့သည်ဟုဆိုသည်။ ထိုစွပ်စွဲချက်များကြောင့် သမ္မတဘုရှ်အပေါ် နိုင်ငံရေးဖိအားများ ပိုမို၍ ပြင်းထန်လာခဲ့ရသည်။

မေလ ၁ ရက်တွင် သမ္မတဘုရှ်က အမေရိကန်စစ်ပွဲ ပြီးဆုံးသွားပြီဟု ကြေညာပြီးနောက်ပိုင်း အီရတ်ရှိ အမေရိကန်စစ်သည် အကျအဆုံးမှာ ၃၂ ဦး ရှိသွားပြီဖြစ်သည်။

စွပ်စွဲခံနေရ

အီရတ်တွင် ကျဆုံးမှုများပြားလာခြင်းကြောင့်လည်းကောင်း၊ အဓိပ္ပာယ်မကွဲပြားသော ထောက်လှမ်းရေးသတင်းကိုအသုံးပြုပြီး အမေရိကန်ပြည်သူများကို လမ်းလွဲသို့ရောက်အောင် ဆောင်ရွက်သည်ဟုလည်းကောင်း သမ္မတဘုရှ်အပေါ် စွပ်စွဲခံနေရသည်။

ယခုအခါ ဒီမိုကရက်ပါတီဝင်များသာမက ရီပတ်ဗလီကန်ပါတီဝင်များကပါ အဆိုပါ ပြဿနာများနှင့်ပတ်သက်၍ သမ္မတအား ဖြေရှင်းပေးရန် မေးခွန်းထုတ်လျက်ရှိကြသည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရတ်ရှိ အဏုမြူဓာတ်ပေါင်းဖိုမှ ယူရေနီယံ ၂၂ ပေါင်ကျော် ပျောက်ဆုံး

ကုလသမဂ္ဂ ဇူလိုင် ၁၆

ကုလသမဂ္ဂအဏုမြူ လက်နက်စစ်ဆေးရေးမှူးများက အီရတ်နိုင်ငံရှိအဏုမြူဓာတ်ပေါင်းဖိုမှ အနည်းဆုံး ဓာတ်ရောင်ခြည်ကြွ ယူရေနီယံသတ္တု ၂၂ ပေါင်မကပျောက်ဆုံးသွားခဲ့ကြောင်း အင်္ဂါနေ့က ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော် အဆိုပါ ပျောက်ဆုံးသွားသော ပစ္စည်းများသည် အဏုမြူလက်နက်ထုတ်လုပ်ရာ၌ သုံးစွဲနိုင်သော အခြေအနေမရှိဟု ဆိုသည်။

နှစ်တန်နီးပါး

ထိုယူရေနီယံသတ္တုများသည် ဘဂ္ဂဒက်မြို့အနီးရှိ တူဝေသာ အဏုမြူစခန်းမှ ပျောက်ဆုံးသွားခြင်းဖြစ်သည်။ အီရတ်စစ်ပွဲတွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ ဘဂ္ဂဒက်ကို မသိမ်းပိုက်မီကာလအတွင်း အီရတ်တပ်ဖွဲ့များ အဏုမြူစခန်းကို စောင့်ကြပ်ရာမှ စွန့်ခွာသွားကြပြီးနောက်ပိုင်း၌ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

တူဝေသာ အဏုမြူစခန်းတွင်သဘာဝယူရေနီယံအလေးချိန်တန်ပေါင်းရာနှင့်ချီ၍ရှိနေပြီး၊ သန့်စင်ပြီး အဆင့်နိမ့် ယူရေနီယံ နှစ်တန်နီးပါးရှိနေသည်ဟု မှတ်ယူထားကြသည်။ ထိုသန့်စင်ပြီး ယူရေနီယံများသည် အဏုမြူလက်နက်ထုတ်လုပ်ရာ၌ ပြုပြင်ဖန်တီးမှုများလုပ်ဆောင်ပြီး ဆက်လက်အသုံးပြုနိုင်သည်။

ထိုအဏုမြူစခန်းကို အသုံးမပြုဘဲထားသည်မှာ ဆယ်စုနှစ်တစ်ခုမကကြာပြီဖြစ်သည်။ အဏုမြူ စခန်းအတွင်းရှိ ယူရေနီယံများထည့်ထားသောစည်ပိုင်းများကို ခိုးယူကြစဉ်က အတွင်းရှိပစ္စည်းများကို သွန်ပစ်ခဲ့ကြသည်။ ထိုသို့ပြုလုပ်စဉ်က ဓာတ်ကြွယူရေနီယံများသည် အမှုန်အမွှားများအဖြစ် ပျောက်ဆုံးသွားနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ အဏုမြူအေဂျင်စီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လုယူခဲ့ကြ

ပျောက်ဆုံးသွားသော ဓာတ်ကြွယူရေနီယံအမျိုးအစားနှင့် အလေးချိန်ပမာဏသည် အဏုမြူလက်နက် မပြန့်ပွားရေးကိစ္စကို ထိခိုက်နိုင်လောက်သော အခြေအနေမရှိကြောင်း အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ်က ကုလသမဂ္ဂအဖွဲ့သို့ အစီရင်ခံခဲ့သည်။

တူဝေသာ အဏုမြူစခန်းသည် ဘဂ္ဂဒက်မြို့တော်၏ တောင်ဘက် ၁၂ မိုင်အကွာတွင် တည်ရှိသည်။ အီရတ်စစ်ပွဲ မဖြစ်ပွားမီအချိန်က ထိုစခန်းသည် အိုင်အေအီးအေအဖွဲ့၏ ထိန်းချုပ်မှုအောက်တွင် တည်ရှိခဲ့သည်။

အီရတ်စစ်ပွဲ ပြီးဆုံးခါနီးအချိန်တွင် ထိုအဏုမြူစခန်းကို စောင့်ရှောက်နေသော အီရတ်တပ်ဖွဲ့များသည် ၎င်းတို့၏ စောင့်ကြပ်နေသောစခန်းမှ ထွက်ခွာသွားခဲ့ကြသည်။ ထိုနောက်ပိုင်းတွင် အနီးအနားရွာများမှ လူများက စခန်းအတွင်းမှ ပစ္စည်းများကို လုယူခဲ့ကြသည်။ ယူရေနီယံများ ထည့်ထားသော စည်များအတွင်းမှ ပစ္စည်းများသွန်ထုတ်ပြီးနောက် ရေစည်များအဖြစ် အသုံးပြုခဲ့ကြသည်ဟုဆိုသည်။ ***အင်တာနက်။***

တရုတ်ပြည် အရှေ့မြောက်ပိုင်း ကျင်လင်းပြည်နယ် ချန်ချူးမြို့တော်တွင် ဇူလိုင် ၁၅ ရက်က ကျင်းပသည့် တတိယအကြိမ် နိုင်ငံတကာ ကားပြပွဲ၌ တရုတ်ကလေးငယ်တစ်ဦး ပီစီကွန်ပျူတာဖြင့် ကားပြိုင်ပွဲကစားနေစဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*

အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသူများ တီဘီဆေးဝါးများရရှိရေး တိုက်တွန်း

ပါရီ ဇူလိုင် ၁၆

တီဘီ အဆုတ်ရောဂါ ခံစားရသူထက် တီဘီရောဂါကို ပို၍ခံစားရသည့် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ကူးစက်ခံစားရသူများအတွက် တီဘီရောဂါကု ဆေးဝါးများ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေး ဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က အင်္ဂါနေ့တွင် တိုက်တွန်းလိုက်သည်။

အိဒ်စ်ရောဂါဖြစ်စေသည့် အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးဖြင့် အသက်ရှင်ရပ်တည်နေသူ ၄၂ သန်း အနက် သုံးပုံတစ်ပုံခန့်မှာလည်း တီဘီရောဂါရှိနေရာ အကယ်၍ ၎င်းတို့အား ဆေးဝါးကုသပေးခြင်းမပြုလျှင် ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းမှာ လအနည်းငယ်အတွင်း သေဆုံးမည်ဖြစ်ကြောင်း ဒဗလျူအိပ်ချ်အိုက ပြောကြားသည်။

တီဘီရောဂါအား ကမ္ဘာတစ်ဝန်း အရေးတကြီး တိုက်ဖျက်ရန် ဒဗလျူအိပ်ချ်အိုက ကြေညာခဲ့ပြီး ၁၀ နှစ်အကြာတွင် တီဘီရောဂါ ကူးစက်ပြန့်ပွားမှုသည် ပို၍ပင် ဆိုးရွားလာကြောင်း၊ ယင်းသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုကြောင့်ဖြစ်ရကြောင်း ဒဗလျူအိပ်ချ်အို ယာယီညွှန်ကြားရေးမှူး မာရီယိုရာဗီဂယ်လွန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တီဘီရောဂါနှင့် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ကူးစက်မှုတို့အကြား အကျိုးဆက်ဖြစ်ပေါ်လာရသည့် အနေအထားကို တိုးမြှင့်တားဆီးရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

၂၀၀၅ ခုနှစ်အရောက်တွင် တီဘီရောဂါကူးစက်မှု ရပ်တန့်ရန် အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ ဘီလျံ ကုန်ကျမည့် ငါးနှစ်စီမံကိန်းအတွက် ဒေါ်လာ ၃ ဒသမ ၈ ဘီလျံ လိုအပ်နေသေးကြောင်း နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့က ပါရီမြို့တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဒဗလျူအိပ်ချ်အိုက ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်စစ်ပွဲ အမေရိကန်ကုန်ကျစရိတ်ဒေါ်လာ ၄၈ ဘီလျံရှိပြီဟု အမေရိကန်စစ်ဌာနချုပ်ကြေညာ

ဝါရှင်တန် ဇူလိုင် ၁၆

အီရတ်နိုင်ငံတွင်းစစ်ဆင်မှုက အမေရိကန်စစ်ဌာနချုပ်အတွက် ယခုအထိ ဒေါ်လာ ၄၈ ဘီလျံခန့် ကုန်ကျကြောင်း၊ စက်တင်ဘာလကုန်တွင် နောက်ထပ်ဒေါ်လာ ၁၀ ဘီလျံကုန်ကျမည်ဟု မျှော်လင့်ရကြောင်း စစ်ဘက်ဘတ်ဂျက်ထိန်းသိမ်းကြီးကြပ်ရေးမှူး ဒေါ့ဗ်ဇာဟိန်းက အင်္ဂါနေ့က ပြောဆိုသည်။

တစ်လ ဒေါ်လာ ၃ ဒသမ ၅ ဘီလျံ

ယခုအထိ ခန့်မှန်းကုန်ကျစရိတ်တွင် မတ်လ ၂၀ရက်နေ့ကစတင်သည့် တိုက်ခိုက်ရေးအဆင့်၊ စစ်ပြီးကာလ တည်ငြိမ်ရေးကြိုးပမ်းမှု၊ ဒေသသို့တပ်များရွှေ့ပြောင်းမှုနှင့် အဆောက်အအုံ တည်ဆောက်မှုကဲ့သို့သော စစ်မဖြစ်မီ အသုံးစရိတ်ဒေါ်လာဘီလျံ ၃၀ပါဝင်ကြောင်းဖြင့် ဒေါ့ဗ်ဇာဟိန်းက အေပီသို့ ပြောကြားလိုက်သည်။ ဧပြီလအထိ အရာရှိများက ငွေများ အမှန်တကယ်ကုန်ကျစရိတ်ရရှိထားသော်လည်း ဇန်နဝါရီလမှစတင်ကာ စစ်ဆင်ရေး၏ စစ်ဘက်စရိတ်မှာ တစ်လလျှင် ဒေါ်လာ ၃ဒသမ၅ဘီလျံ ပျမ်းမျှရှိမည်ဟု ယူဆသည်။

ဇန်နဝါရီလတွင် ကုန်ကျစရိတ်ဒေါ်လာ ၃၅၀၀၀၀၊ အကြီးအကျယ်စစ်ဆင်တိုက်ခိုက်သည့် အချိန်အတွင်း ဒေါ်လာငါးဘီလျံနှင့် ယခုအခါတိုက်ပွဲကြီးများပြီးဆုံးသွားပြီး အချို့စစ်သားများ အိမ်ပြန်ခွင့်ပေးသည့်အခါ၌ ကုန်ကျစရိတ်မှာ တစ်လလျှင် ဒေါ်လာ လေးဘီလျံအထိ ကျဆင်းသွားကြောင်း အရာရှိများက ပြောဆိုသည်။

မခန့်မှန်းနိုင်သေး

အီရတ်နိုင်ငံ၌ တည်ငြိမ်မှုရရေးကြိုးပမ်းခဲ့သည်မှာ နှစ်လခွဲရှိသွားပြီဖြစ်ကြောင်း အနာဂတ်ကာလတွင် အီရတ်၌ အမေရိကန်စစ်သား မည်မျှထားရှိရမည်ကို အတိအကျမသိရ၍ ရေရှည် အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် ကုန်ကျစရိတ်ကို သူမခန့်မှန်းနိုင်သေးကြောင်း ဒေါ့ဗ်ဇာဟိန်းက ပြောကြားလိုက်သည်။

အင်တာနက်။

အီရတ်နိုင်ငံသို့ ပြင်သစ်တပ်သားများ စေလွှတ်ရေး အလားအလာမကောင်းကြောင်း ဂျက်ရှီရက် ထပ်မံပြောကြား

ပါရီ ဇူလိုင် ၁၆

ပြင်သစ်သမ္မတ ဂျက်ရှီရက်က အီရတ်နိုင်ငံသို့ တပ်သားများ စေလွှတ်မည့် ပြင်သစ်နိုင်ငံ၏ အလားအလာကို ပထမဆုံးအကြိမ်အဖြစ် အင်္ဂါနေ့က ပြောကြားလိုက်ပြီး ယင်းကိစ္စနှင့် ပတ်သက်သည့် ပြင်သစ်နိုင်ငံ၏ ရပ်တည်ချက် အလားအလာ မကောင်းကြောင်းကိုလည်း အခိုင်အမာ ထပ်မံပြောကြားသည်။

ပြင်သစ်နိုင်ငံက အီရတ်နိုင်ငံအပေါ် အမေရိကန်ဦးဆောင်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာ ဆန့်ကျင်မှုသဘောထားကို ဦးဆောင်နေပြီး အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ကုလသမဂ္ဂ၏ ခိုင်မာသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေးကို တိုက်တွန်းထားကာ ကြားဖြတ်အီရတ်အစိုးရတပ်ဖွဲ့ ဖွဲ့စည်းရာတွင် ပါဝင်ကူညီမည်ဖြစ်သည်။

ဂျက်ရှီရက်က ချက်သမ္မတ ဗာကလက်ကလော့စ်နှင့် တွေ့ဆုံစဉ်က ဖော်ပြပါအတိုင်း ဝေဖန်ပြောကြားခြင်းဖြစ်ကြောင်း ရှီရက်၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ကက်သရင်းကိုလွန်နာက ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီး ထုတ်ဖော်ပြောကြားခဲ့သည့်အတိုင်းပင် ယခုဖော်ပြပါကိစ္စသည် လက်ရှိတည်ဆဲမူဘောင်များနှင့် နှိုင်းယှဉ်ကြည့်ပါက မယုံကြည်လောက်သည့် ကိစ္စဖြစ်နေကြောင်း၊ အီရတ်နိုင်ငံတွင် ပြင်သစ်က စစ်ရေးအရ အခန်းကဏ္ဍမှ ပါဝင်ရေးသည် စိတ်ကူးသက်သက်သာဖြစ်ကြောင်း ကက်သရင်းကိုလွန်နာက ရည်ညွှန်းပြောကြားသည်။

အမေရိကန် အထက်လွှတ်တော် အမတ်များကသမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်အား အီရတ်ရှိ အမေရိကန်ဦးဆောင်သည့် လုပ်ငန်းများအား မြောက်အတ္တလန္တိတ် စာချုပ်(နေတိုး)နှင့် ကုလသမဂ္ဂတပ်များက အားပေးကူညီရန် တိုက်တွန်းလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဇူလိုင် ၁၆ရက်က ဘဂ္ဂဒက်မြို့အနောက်ဘက်တွင် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အမေရိကန်စစ်ဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးယာဉ်အနီးတစ်ဝိုက်၌ လုံခြုံမှုရှိစေရေးအတွက် အမေရိကန်တပ်သားများစောင့်ကြပ်နေစဉ်။ (ယင်းတိုက်ခိုက်မှုကြောင့်အမေရိကန်တပ်သားတစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

နေ့စဉ်တိုက်ခိုက်မှု ကြုံတွေ့နေရသည့် အီရတ်သို့ ပြည်ပတပ်သားများစေလွှတ်မှု မည်သည့်အဖွဲ့ အစည်းမှန်းမသိရသည့် အီရတ်အုပ်စုနှစ်စုက သတိပေး

ဒူဘိုင်း ဇူလိုင် ၁၆

အမေရိကန်တပ်သားများ နေ့စဉ် တိုက်ခိုက်မှုနှင့်ကြုံတွေ့နေရသည့် အီရတ်နိုင်ငံသို့ ပြည်ပနိုင်ငံများမှ တပ်သားများပေးပို့နေခြင်းကို မည်သည့်အဖွဲ့အစည်းမှန်းမသိရသော အီရတ်အုပ်စုနှစ်စုက အင်္ဂါနေ့တွင် သတိပေးလိုက်ကြောင်း အာရပ်ရုပ်မြင်သံကြားများက အင်္ဂါနေ့၌ ထုတ်လွှင့်ပြသလိုက်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)နှင့် အာရပ်အစ္စလမ္မစ်နိုင်ငံများ၏ စုစည်းမှုအောက်ရှိ မည်သည့်စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုမျိုးကိုမဆို မိမိတို့က လက်နက်ကိုင် တော်လှန်တိုက်ခိုက်မည်ဖြစ်ပြီး ပြင်းထန်စွာပယ်ချကြောင်း အီရတ်လွတ်မြောက်ရေးတပ်မတော်ဟု ကိုယ်တိုင်အမှတ်သညာပြုထားသည့် အုပ်စု၏ကြေညာချက်ကို ဒူဘိုင်းအခြေစိုက် အယ်-အာရေးဗီးယားရုပ်မြင်သံကြားက ဖော်ပြသွားသည်။

အမေရိကန် သမ္မတဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်က အီရတ်နိုင်ငံတွင် အထင်ကရစစ်ပွဲကြီးများပြီးဆုံးသွားပြီဟု မေ ၁ရက်က ပြောကြားခဲ့သည့်နောက် အီရတ်နိုင်ငံတွင်ပြောက်ကျားစစ်ဆင်တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သား ၃၂ဦး သေဆုံးခဲ့ပြီးဖြစ်သည်။ စပိန်၊ ပိုလန်၊ ယူကရိန်း၊ ဘူဂေးရီးယား၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ဆလိုဗက်ကီးယား၊ ဘော်လတစ်နိုင်ငံများနှင့် ဖိလစ်ပိုင်၊ထိုင်း၊ မွန်ဂိုလီးယားနှင့် ဖီဂျီနိုင်ငံတို့မှ တပ်သားများသည် အီရတ်နိုင်ငံရှိ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဝင်ရောက်ဆောင်ရွက်ဖွယ်ရှိသည်။ မွတ်စလင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံများသည်လည်း အီရတ်ရှိ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်များတွင် ပါဝင်ဆောင်ရွက်ရန် အမေရိကန်အစိုးရက နှိုးဆော်ထားသော်လည်း ၎င်းနိုင်ငံများက မည်သည့် ဆုံးဖြတ်ချက်မျှ ချမှတ်ခြင်းမရှိသေးပေ။ ၎င်းတို့၏ နိုင်ငံအတွင်းတွင် အီရတ်သို့ စစ်သားများစေလွှတ်ရေးဆိုင်ရာအဆိုပြုချက်များကို အတိုက်အခံပြုမှု ထိုက်သင့် သလောက်ရှိနေပြီဖြစ်သည်။

အိန္ဒိယနိုင်ငံကလည်း ကုလသမဂ္ဂ၏ အခွင့်အာဏာမရရှိဘဲ အီရတ်နိုင်ငံသို့ ၎င်းနိုင်ငံမှ စစ်သားများ စေလွှတ်မည်မဟုတ်ကြောင်း တနင်္လာနေ့က ပြောကြားပြီး စစ်ကြောင့် ထောင်းထောင်းကြေဖြစ်နေသော အီရတ်နိုင်ငံအားကူညီရန်အတွက် အမေရိကန်အစိုးရ၏ ဆော်ဩတိုက်တွန်းမှုကိုပယ်ချလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

သရုပ်လုပ်ပွဲ

အမေရိကန်နိုင်ငံသားဂိုင်းဂျိုသည် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်(ဒဗလျူဘီအေ) ဟဲဗီးဝိတ် သရုပ်ပြကာကွယ်လုပွဲကို နိုဝင်ဘာလတွင် နိုင်ရိုဘီမြို့၌ ထိုးသတ်မည်ဖြစ်သည်။

(ဓာတ်ပုံ-အင်တာနက်)





သံမဏိတင်သွင်းမှု ဗီယက်နမ်တိုးမြှင့်

ဟနွိုင် ဇူလိုင် ၁၆

ဗီယက်နမ်နိုင်ငံက ၂၀၀၃ ခုနှစ် ပထမခြောက်လကာလတွင် အမေရိကန်ဒေါ်လာ ၉၇၄ သန်း တန်ဖိုးရှိ သံမဏိတန်ချိန် ၂ ဒသမ ၇၂ သန်း ပြည်ပမှ တင်သွင်းခဲ့ရာ နှစ်အလိုက် ပမာဏအားဖြင့် ၂၅ ဒသမ ၄ ရာခိုင်နှုန်းနှင့်တန်ဖိုးအရ ၈၅ဒသမ ၆ ရာခိုင်နှုန်းတိုးမြှင့်လာခြင်း ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

ယင်းနှစ်အတွင်း၌ပင် ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာ၂၆၇သန်းတန်ဖိုးရှိ သံမဏိချောင်း တန်ချိန် ၉၈၈၀၀၀ကို ပြည်ပမှ တင်သွင်းခဲ့ရာ နှစ်အလိုက် ပမာဏအားဖြင့် ၁၅ ဒသမ ၂ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၆၄ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့်လာခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဆီယံလေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမည်

ဖနွမ်းပင် ဇူလိုင် ၁၆

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟော်နန်ဟွန်သည် ကမ္ဘောဒီးယားကိုယ်စားလှယ်အဖွဲ့၏ အကြီးအကဲအဖြစ် ဦးဆောင်၍ ထိုင်းနိုင်ငံဗန်ကောက်မြို့တော်တွင် ယခုလကုန်ပိုင်း၌ကျင်းပမည့် နှစ်ရက်ကြာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို တက်ရောက်မည်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဇူလိုင် ၃၁ ရက်နှင့် ဩဂုတ် ၁ ရက်တွင် ကျင်းပရန်စီစဉ်ထားပြီး စီးပွားရေးမူဘောင် ရေးဆွဲရေး လေးနိုင်ငံပါ အုပ်စုတစ်စုကို တည်ထောင်မည်ဖြစ်ရာ ကမ္ဘောဒီးယား၊ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် ဖော်ပြပါ လေးနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာကို ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ပြီး သတင်းမီဒီယာအချို့က ဖော်ပြသကဲ့သို့ နယ်စပ်နှင့် အလုပ်သမားကိစ္စများကို ဆွေးနွေးကြမည် မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းလွှာအရသိရသည်။

ဗန်ကောက်တွင် ၎င်းအစည်းအဝေး ကျင်းပပြီးသည့်နောက် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး နန်ဟွန်သည် လာအိုနိုင်ငံရှမ်ပါဆက်ပြည်နယ်၌ ဩဂုတ်လ ၂ ရက်တွင် ကျင်းပမည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကိုလည်း တက်ရောက်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝါတွင်းသုံးလ တရားတော်များ ဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် ဘုန်းကြီးလမ်း အာသာဝတီတိုက် တွံတေးသာသနာပြုကျောင်းတိုက်၌ တည်ထားကိုးကွယ်သော မြလေးနွယ် ဆုတောင်းပြည့်စေတီတော် ဘုရားဝင်းအတွင်း၌ ဝါတွင်းသုံးလပတ်လုံး လပြည့်၊ လကွယ်ဥပုသ်သီတင်းနေ့ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည် ဖြစ်ပါ၍ မည်သူမဆို လာရောက်နာယူတော်မူကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် မဖြစ်မနေ ကြိုးပမ်းသွားရမည့် အခြေခံ (၃)ရပ်

အောင်မိုးစံ

ဒီကနေ့ မြန်မာနိုင်ငံကို ခေတ်မီဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်သွားမယ်ဆိုရင် (၁)အတိတ်က ဖြတ်သန်းခဲ့ရတဲ့ အမှား အမှန်တွေပေါ်မှာ သင်ခန်းစာယူပြီး အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကို မဖြစ်မနေ ကြိုးပမ်းသွားရေး၊ (၂) အမျိုးသားနိုင်ငံရေးတွင် တပ်မတော်ပါဝင်ထမ်းဆောင်ရေး၊ (၃) နိုင်ငံရဲ့ စီးပွားရေး ကုန်ထုတ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ အခြေခံ(၃)ရပ်ကို တစ်မျိုးသားလုံးစုပေါင်း လုံ့လပြု ကြိုးပမ်းသွားဖို့ဖြစ်ပါတယ်။ ဒီအခြေခံသုံးရပ်မှာ တစ်ရပ်ရပ်ပျက်နေရင် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးနဲ့ အလှမ်းဝေးနေဦးမယ်ဖြစ်ပါတယ်။

(၁) အတိတ်က ဖြတ်သန်းခဲ့ရတဲ့ အမှား/အမှန်တွေအပေါ် သင်ခန်းစာယူပြီး အမျိုးသားပြန်လည် သင့်မြတ်စည်းလုံးရေးကို မဖြစ်မနေ ကြိုးပမ်းသွားရေး။

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးနဲ့အတူ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ပြိုကွဲပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီးကြီးလောင်ကျွမ်းလာခဲ့ပါတယ်။ ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ ပဋိပက္ခတွေကို အချင်းချင်းအကြမ်းဖက်လက်နက်ကိုင်နည်းနဲ့ သွေးချောင်းစီးဖြေရှင်းခဲ့ကြပါတယ်။ ကမ္ဘာမှာ လူမျိုးဆက်တစ်ဆက်နီးပါးရှည်ကြာတဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြီးလို့တောင် ခေါ်နိုင်ပါတယ်။ လွတ်လပ်ရေးရခါစချိန်မှာ ရန်ကုန်အစိုးရလို့ ခေါ်ရလောက်အောင် ရောင်စုံလက်နက်ကိုင်အင်အားစုတွေကြီးစိုးလာခဲ့တဲ့အတွက် တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ အထူးတလည်အရေးပါလာခဲ့ပါတယ်။ လွတ်လပ်ရေးမရခင် မြန်မာ့ဖက်ဆစ် တော်လှန်ရေးမှာလည်း ဗိုလ်ချုပ်အောင်ဆန်းရှေ့ဆောင်တဲ့ တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးဦးဆောင်မှုမှာ ပါဝင်လာခဲ့ပါတယ်။ ဒါကြောင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် တပ်မတော်က အာဏာသိမ်းခဲ့ရမှုဟာ ၁၉၅၈ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၆၂ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၈၈ ခုနှစ်မှာ တစ်ကြိမ် သုံးကြိမ် ရှိခဲ့ပါတယ်။ တပ်မတော်ကို အရပ်ဘက်အစိုးရက အာဏာလွှဲပေးခဲ့ရတာရှိသလို နိုင်ငံရေးအင်အားစုတွေရဲ့ စည်းလုံးညီညွတ်မှု ယိုယွင်းလာတဲ့အတွက် တပ်မတော်က မလွှဲမရှောင် နိုင်ငံတော်အာဏာ သိမ်းခဲ့ရတာလည်း ရှိပါတယ်။

၁၉၈၈ ခုနှစ် အရေးအခင်းကြီးတွင်လည်း ဒီမိုကရေစီတောင်းဆိုတဲ့ အင်အားစုတွေကြားမှာ ညီညွတ်မှုမရှိဘဲ တစ်ဖိုလ်တစ်မင်း လှုပ်ရှားလာခဲ့ကြပါတယ်။ ကျောင်းသားသမဂ္ဂများအဖွဲ့အစည်းများ အချင်းချင်း မညီညွတ်မှုတွေ၊ သပိတ်အဖွဲ့အစည်းအချင်းချင်း မညီညွတ်မှုတွေ၊ ပညာရှင်အင်အားစုအချင်းချင်း မညီညွတ်မှုတွေ၊ နိုင်ငံရေးပါတီအချင်းချင်း မညီညွတ်မှုတွေ၊ အဲဒီတုန်းက ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်လို့ ဆိုရမယ့် ဦးနု၊ ဦးအောင်ကြီးနဲ့ ဒေါ်စုကြည်တို့အချင်းချင်းပင် ညီညွတ်မှုမရှိခဲ့ကြပါဘူး။ ဒါကြောင့် အရေးအခင်းကြီးဟာ အထိန်းအကျောင်းမဲ့ဖြစ်လာခဲ့ပါတယ်။ ပြဿနာတွေကိုလည်း တစ်ဖက်နဲ့တစ်ဖက် ဒီမိုကရေစီနည်းကျစွာ စိတ်ရှည်၊ ဖွဲ့ရှိ၊ သည်းခံတဲ့နည်းတွေနဲ့ မဖြေရှင်းနိုင်ဘဲ များရာလူအနိုင်အဖြစ်နဲ့ အကြမ်းဖက်အကျပ်ကိုင် ဖြေရှင်းခဲ့ကြပါတယ်။ ငါနဲ့မတူငါ့ရန်သူဆိုတဲ့အမြင်တွေနဲ့ မိမိတို့နဲ့ ကွဲလွဲသူတွေကို အစိုးရသူလျှို၊ ဒလန်လို့ စွပ်စွဲသုတ်သင်မှုတွေ၊ စွပ်စွဲခေါင်းဖြတ်မှုတွေ၊ အကြမ်းဖက်လုယက် ဖျက်ဆီးမှုတွေနဲ့ ပဲ့ကိုင်မယ့်လူမရှိတဲ့ လှေကြီးလို ရေစုံမျောလာခဲ့ပါတယ်။ နောက်ဆုံးတိုင်းပြည်ဟာ အတိမ်းအစောင်းမခံနိုင်တော့တဲ့ အခြေအနေကို ရောက်လာတဲ့အတွက် တပ်မတော် အစိုးရ (နဝတ)ပေါ်ထွက်လာခဲ့ရတယ်။

အဲဒီလိုတပ်မတော်က မလွှဲမရှောင်သာ အာဏာသိမ်းမှုတွေကိုသာ တစ်ဖက်သတ်စွပ်စွဲအပြစ်ပြောနေပြီး မိမိတို့နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများရဲ့ ချို့ယွင်းအားနည်းချက်တွေကို ပြန်မသုံးသပ်ဘူးဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းရာတွင် အခက်ခဲများစွာ ကြုံတွေ့လာနိုင်ပါတယ်။ သူတစ်ပါးကို လက်ညှိုးထိုးပြီး အပြစ်ပြောနိုင်ရုံနဲ့ လူတော်လူကောင်းမဖြစ်နိုင်၊ မိမိကိုယ်တိုင်မှာရှိတဲ့ ချို့ယွင်းချက် အမှားအယွင်းတွေကို ဘယ်လောက်မြင်နိုင်စွမ်းရှိပြီး ပြင်နိုင်တယ်ဆိုတာကသာ လူတော်လူကောင်းဖြစ်တယ်ဆိုတဲ့ သွန်သင်ချက်အတိုင်း လူဆိုတာအမှား၊ အမှန်မကင်းနိုင်တဲ့အတွက် သဘောတရားအရ သိနားလည်ရာသို့သွားရာအကောင်းဆုံးသောလမ်းဟာ မိမိတို့အမှားကတစ်ဆင့်သင်ခန်းယူသောလမ်း၊ ခါးသီးသောအတွေ့အကြုံကို ဖြတ်သန်းရသောလမ်းသာ ဖြစ်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားကို ခံယူကျင့်သုံးသွားဖို့ ဖြစ်ပါတယ်။ သူတစ်ပါးအပေါ် ပေါက်ဆိန်နဲ့ ပေါက်သလိုဝေဖန်ပြီး မိမိကိုယ်ကို ကြက်မွေးလေးနဲ့သတဲ့ ဝေဖန်ရေးမျိုးကိုလည်း ရှောင်ကြဉ်အပ်ပါတယ်။ မိမိကိုယ်ဝေဖန်ရေးဟာ နိုင်ငံရေးသမားတွေရဲ့ ကျင့်စဉ်လုပ်ရပ်ဖြစ်ပါတယ်။ မိမိကိုယ် ဝေဖန်ရေးကို ခါးဝတ်ပုဆိုးလို မခြွင်းချန်သာ အများအကျိုးကို အမှားကင်းစွာ ဆောင်ရွက်နိုင်မယ် ဖြစ်ပါတယ်။ ပွဲဦးထွက် ဒီမိုကရေစီကူးပြောင်းစ ပိုလန်နိုင်ငံမှာ ပြည်သူ့ကိုယ်စားလှယ်များနဲ့ တပ်မတော် ပူးပေါင်းဆောင်ရွက်သွားခဲ့မှုတွေဟာလည်း စံပြုစရာကောင်းပါတယ်။

ဒါကြောင့် မိမိကိုယ်မိမိ ဝေဖန်ရေးနှင့် ဝေဖန်ရေးတွင် မိမိကိုယ် ဝေဖန်ရေးကို အလေးအနက်ထားပြီး အတိတ်ကဖြတ်သန်းခဲ့ရတဲ့ အမှား၊ အမှန်တွေအပေါ် သင်ခန်းစာယူကာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကို မဖြစ်မနေ ကြိုးပမ်းသွားဖို့ ဖြစ်ပါတယ်။

(၂) အမျိုးသားနိုင်ငံရေးတာဝန်ကို တပ်မတော်ပါဝင်ထမ်းဆောင်ရေး။

၁၉၈၈ခုနှစ်ကာလအတွင်း ဒီမိုကရေစီကြိုးပမ်းတဲ့ အဓိကအသွင်နှစ်ရပ်တွေ့ရပါတယ်။ တစ်မျိုးက အနုနည်းနဲ့ ကြိုးပမ်းရေးဖြစ်ပြီး နောက်တစ်မျိုးက အကြမ်းနည်းနဲ့ ကြိုးပမ်းရေးဖြစ်ပါတယ်။ ဒီအင်အားစုနှစ်ရပ်ဟာ (တပ်မတော်နဲ့ မစေ့စပ်ရေး) တပ်မတော်အစိုးရနဲ့ မစေ့စပ်ရေး၊ ချက်ချင်းအာဏာ လွှဲပေးရေးဆိုတဲ့ ရည်ရွယ်ချက်မှာ တူညီကြပါတယ်။ ဒီအယူအဆကို ရွေးကောက်ပွဲအပြီး NLDပါတီက ဆက်လက်ကိုင်စွဲလာခဲ့ပါတယ်။ အဲဒီလို အကျပ်ကိုင် တောင်းဆိုမှုတွေကြောင့် အမျိုးသားရင်ကြားစေ့ရေး ဖြစ်မလာဘဲ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးဘက်ကို ရောက်ရှိသွားခဲ့ပါတယ်။ NLD ခေါင်းဆောင်အချို့ဟာ တပ်မတော်ခေါင်းဆောင်များအပေါ် နုရင်ဘတ်စစ်ခုံရုံးနဲ့ ဥပမာပေးတဲ့ လက်စားချေရေးသဘောထားတွေပါ ပေါ်ထွက်လာခဲ့ဖူးပါတယ်။ နောက်ပိုင်းမှာ NLD ပါတီဟာ အမျိုးသားညီလာခံကလည်း ထွက်ခွာခဲ့ပါတယ်။ တပ်မတော်အစိုးရဟာ အဲဒီလို NLD ပါတီနဲ့ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှုတွေကြုံနေရသော်လည်း တစ်ဖက်တွင် တိုင်းရင်းသားလူမျိုးစု တောတွင်းလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့တို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာအောင် အမျိုးသားသင့်မြတ်စည်းလုံးရေးအတွက် ကြိုးပမ်းနိုင်ခဲ့ပါတယ်။

ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည် နောက်ဆုံးအတားဆီးခံကာလမှာ လွတ်မြောက်လာပြီးနောက် NLD ပါတီရဲ့ သဘောထားတွေ ပျော့ပျောင်းလာခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တပ်မတော်နဲ့ရော၊ တပ်မတော်အစိုးရနဲ့ပါ အချိန်မရွေးပူးပေါင်းဆောင်ရွက်သွားမယ်လို့ ထုတ်ဖော်ပြောခဲ့သလို အတွင်းရေးမှူးဦးလွင်ကလည်း လက်ရှိတပ်မတော်အစိုးရဟာ ၁၉၆၂ ခုနှစ် အာဏာသိမ်းတဲ့ တပ်မတော်အစိုးရနဲ့မတူဘဲ မိမိတို့အတိုက်အခံနိုင်ငံရေးပါတီတွေကို ရပ်တည်ခွင့်ပြုတဲ့ ထူးခြားမှုရှိတယ်လို့ ပြည်ပသတင်းဌာနတွေကို ပြောခဲ့ပါတယ်။ တပ်မတော်အစိုးရကလည်း ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်စွာသွားလာစည်းရုံးခွင့်၊ NLD ပါတီရုံးများ ပြန်လည်ဖွင့်စည်းဖွင့်လှစ်ခွင့်၊ ဆိုင်းဘုတ်တင်ခွင့်တွေ ပြုခဲ့ပါတယ်။ ဒါတွေဟာ အမျိုးသားပြန်လည်သင့်မြတ် စည်းလုံးရေးအတွက် တိုးတက်ကောင်းမွန်လာမှုတွေဖြစ်ပါတယ်။ နိုင်ငံတကာက ကြိုဆိုထောက်ခံမှုတွေလည်းရှိလာခဲ့ပါတယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Razali ရဲ့ ပါဝင်ကြိုးပမ်းမှုတွေလည်း ရှိလာခဲ့ပါတယ်။

မကြာသေးခင်မှာ အကြောင်းမလှပုံက တပ်မတော်အစိုးရနဲ့ မစေ့စပ်ရေး၊ ချက်ချင်းအာဏာလွှဲပေးရေး သဘောထားတွေကို ပြတ်သားစွာ မစွန့်လွှတ်နိုင်သေးတဲ့ အင်အားစုတွေကြောင့် ဒီပဲယင်းအရေးအခင်းဖြစ်လာရပါတယ်။ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး သဘောထားကြောင့်သာ အခုလို အရေးအခင်းဖြစ်ခဲ့ရပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် တပ်မတော်ရဲ့ ထူးခြားအရေးပါတဲ့ လက္ခဏာအချို့ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အခုလိုအချိန်အခါအလျောက် ပြောင်းလဲလာတဲ့ တပ်မတော်အစိုးရအပေါ် အချို့ကတပ်မတော်အာဏာသိမ်းတိုင်း အတူတူပဲလို့ တရားသေမှတ်ယူကြပါတယ်။ တကယ်တော့ ၁၉၆၂ ခုနှစ် တပ်မတော် အာဏာသိမ်းမှုနဲ့ ၁၉၈၈ ခုနှစ် တပ်မတော်အာဏာသိမ်းမှုတို့ဟာ အရှေ့နဲ့အနောက်လို ခြားနားပါတယ်။

၁၉၆၂ ခုနှစ် တပ်မတော်အာဏာသိမ်းမှုဟာ ပါတီစုံ ဒီမိုကရေစီစနစ်ကို ဖျက်တယ်၊ တစ်ပါတီဆိုရှယ်လစ်စနစ်ကျင့်သုံးတယ်၊ ဈေးကွက်စီးပွားရေးစနစ် ဖျက်သိမ်းတယ်၊ ဗဟိုကချုပ်ကိုင်တဲ့ တံခါးပိတ် ဆိုရှယ်လစ် စီးပွားရေးစနစ် ကျင့်သုံးတယ်၊ ပုဂ္ဂလိက စီးပွားရေးလွတ်လပ်ခွင့်တွေကို ဖျက်သိမ်းတယ်၊ ပြည်သူပိုင်၊ သမဝါယမပိုင်ကျင့်သုံးတယ်။ ၁၉၈၈ ခုနှစ် တပ်မတော်အာဏာသိမ်းမှုကျတော့ တစ်ပါတီဆိုရှယ်လစ်စနစ်ဖျက်သိမ်းတယ်၊ ပါတီစုံဒီမိုကရေစီစနစ်ကိုဦးတည်ကျင့်သုံးတယ်။ ဗဟိုက ချုပ်ကိုင်တဲ့ တံခါးပိတ်ဆိုရှယ်လစ်စီးပွားရေး ဖျက်သိမ်းတယ်။ တံခါးဖွင့် ဈေးကွက်စီးပွားရေးကျင့်သုံးလာတယ်၊ ပြည်သူပိုင်၊ သမဝါယမပိုင်တွေကို ကျဉ်းမြောင်းအောင်လုပ်ပြီး ပုဂ္ဂလိက လုပ်ပိုင်ခွင့်တွေ ကျယ်ပြန့်အောင်လုပ်တယ်။ ဘာကြောင့် အခုခြားနားရသလဲဆိုတာကို ဆန်းစစ်ကြည့်မယ်ဆိုရင် ၁၉၆၂ ခုနှစ် တပ်မတော်အာဏာသိမ်းမှုဟာ ဒုတိယကမ္ဘာစစ်ကြောင့် စီးပွားရေး၊ ကုန်လုပ်စွမ်းအားစုတွေ ကျဆင်းဆုတ်ယုတ်ကုန်မှုရယ်၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ မီးလောင်ကျွမ်းမှုကြောင့် တိုင်းပြည်ရဲ့ သက်ရှိ၊ သက်မဲ့ ကုန်လုပ်စွမ်းအားစုတွေ စီးပွားရေးဘက်မှာ အသုံးချမခံဘဲ ပျက်စီးပြုန်းတီးကုန်မှုရယ်တို့အပေါ် အကြောင်းပြုပါတယ်။ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း စီးပွားရေးတွေ ကျဆင်းလာတာနဲ့အမျှ လူတွေရဲ့ အသိစိတ်ဓာတ်တွေလည်း ခက်ထန်ကြမ်းတမ်းဖောက်ပြန် ယိုယွင်းလာပါတယ်။ ဒီအခါအမိန့်အာဏာနဲ့ အုပ်ချုပ်ရေးတွေ၊ တပ်မတော်အာဏာသိမ်းမှုတွေ ပေါ်လာလေ့ရှိပါတယ်။ ဒါ့ကြောင့် ၁၉၆၂ ခုနှစ် အာဏာသိမ်းခဲ့တဲ့ တပ်မတော်အစိုးရဟာ လက်ငင်းချက်ချင်း လောကနိဗ္ဗာန်ခေတ် ထူထောင်ရေး တစ်ပါတီဆိုရှယ်လစ်အယူ တိမ်းပါးမှုအောက်ကို ကျရောက်ခဲ့တာ ဖြစ်ပါတယ်။

ဒီကနေ့မှာတော့ ကမ္ဘာမှာ အဲဒီလိုသမိုင်းခေတ် ခုန်ပျံကျော်လွှားရေးလမ်းကို ဆယ်စုနှစ်ပေါင်းများစွာ မီးရောင်ကို ရွှေတောင်ထင်ပြီး လိုက်မှားခဲ့တဲ့ နိုင်ငံများက အုပ်ချုပ်သူတွေရော၊ အုပ်ချုပ်ခံပြည်သူတွေကပါ ခါးသီးတဲ့ ကိုယ်ပိုင်အတွေ့အကြုံများနဲ့ ဆင်ခြင်သိမြင်ကာ လူ့သမိုင်းတိုးတက်ဖြစ်ပေါ်ရေး လမ်းမှန်ပေါ်ကို ပြောင်းလာပြီဖြစ်ပါတယ်။ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ ဒီမိုကရေစီ ထူထောင်ရေးဘက်ကို ပြောင်းလာပြီဖြစ်ပါတယ်။ အဲဒီလိုပြောင်းလဲရာမှာ အုပ်ချုပ်သူလူတန်းစားဟောင်းတွေက ခေါင်းမာစွာခုခံနေတဲ့အတွက် ဝေဒနာပြုန်းတီးမှုများစွာနဲ့ ဖြတ်သန်းရတဲ့နိုင်ငံအချို့ (ရူမေးနီးယားတို့လို) ရှိသလို အစဉ်အလာ အုပ်ချုပ်သူများက အသိရှိရှိနဲ့ ရှေ့ဆောင်ပြောင်းလဲသွားတဲ့ နိုင်ငံတွေလည်းရှိပါတယ်။ ဥပမာ–တရုတ်၊ ရုရှား၊ မြန်မာနဲ့ အရှေ့ဥရောပနိုင်ငံအချို့ဖြစ်ပါတယ်။ ဒီနိုင်ငံတွေဟာ အုပ်ချုပ်သူရော အုပ်ချုပ်ခံတွေပါ ထိုးလိုမင်းလို ပြောင်းလဲလာတာဖြစ်ပါတယ်။ ဒါကြောင့် ၁၉၈၈ ခုနှစ် တပ်မတော်အာဏာသိမ်းမှုဟာ ကမ္ဘာ့စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ ခေတ်မီတိုးတက်လာမှုကို အကြောင်းပြုပါတယ်။ စက်မှုအရင်းရှင်နိုင်ငံများတွင် ပေါ်ပေါက်လာတဲ့ နှောင်းခေတ်အီလက်ထရွန်းနစ် နည်းပညာတော်လှန်ရေးကြီးကြောင့် ခေတ်နောက်ကျနဲ့ ဒီမိုကရေစီထူထောင်ရေးဘက်ကို ဦးတည်ပြောင်းလဲလာတာဖြစ်ပါတယ်။ အဲဒီလို ခေတ်နောက်ကျနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ခေတ်ပြောင်းကာလတွေမှာလည်း များသောအားဖြင့် အမျိုးသားတပ်မတော်တွေဟာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်လာတာတွေ့ရပါတယ်။

အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့ အင်ဒိုနီးရှားသမ္မတနဲ့ ဒုသမ္မတ၊ လွှတ်တော်တို့ အရေးအခင်း၊ ဖိလစ်ပိုင်နိုင်ငံ သမ္မတနဲ့ဒုသမ္မတတို့ အရေးအခင်းတွေမှာ တပ်မတော်ဟာ အရေးပါတဲ့အခန်းက ပါဝင်ရပ်တည်ပေးခဲ့ပါတယ်။ တောင်ကိုရီးယားနဲ့ ထိုင်းနိုင်ငံတို့ ဒီမိုကရေစီထူထောင် ကူးပြောင်းရေးကာလမှာလည်း တပ်မတော်ဟာ ရှေ့ဆောင်ရှေ့ရွက်အခန်းက ပါဝင်ခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် ဒီကနေ့ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေးတာဝန်ကို ပြောင်းလဲထမ်းဆောင်လာတဲ့ တပ်မတော်နဲ့ နိုင်ငံရေးပါတီများနဲ့ အင်အားစုများရယ်၊ ပြည်သူ (ပြည်သူ့ကိုယ်စားလှယ်)များရယ်တို့ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲမဖြုတ်စတမ်း ကြိုးပမ်းသွားဖို့လိုပါတယ်။ ဒီကနေ့ အစဉ်အလာအရ အခိုင်မာဆုံး အမျိုးသားတပ်မတော်ဟာ အမျိုးသားနိုင်ငံရေးမှာ မဖြစ်မနေ ပါဝင်ဖို့လိုပါတယ်။ ဒီမိုကရေစီ အနည်ထိုင်အသားကျတဲ့ ကာလရောက်မှသာ တပ်မတော်ဟာ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ခွဲဝေထမ်းဆောင်သွားဖို့ ဖြစ်ပါတယ်။

(၃) နိုင်ငံရဲ့စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး။

ဒီအချက်ဟာ ခေတ်မီဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် အခြေခံအကျဆုံးဖြစ်ပါတယ်။ စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်မှုဟာ လူ့အဖွဲ့အစည်း ရှေ့တန်းတက်လှမ်းရေးရဲ့ အဆင့်အတန်းအမြင့်ဆုံး မှတ်ကျောက်ဖြစ်တယ်။ "The Development of the Productive Forces is the Highest Criterion of the Social Progress"လူမှုတော်လှန်ရေးတွေဟာ စီးပွားရေး တော်လှန်ပြောင်းလဲမှုတွေနဲ့ စတင်လေ့ရှိတယ်။ လူ့အဖွဲ့အစည်းတစ်ရပ်ဟာ (Infra Structure)ဖြစ်တဲ့ အခြေခံစီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်တိုးတက်လာမှုနဲ့အတူသာ (Super Structure) အပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေး၊ အသိပညာရေး၊ ယဉ်ကျေးရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးစတာတွေ အနေးနဲ့အမြန် လိုက်ပါပြောင်းလဲလေ့ရှိတယ်လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားက ဆိုပါတယ်။ မှန်ပါတယ်။ စီးပွားရေး ကုန်လုပ်စွမ်းအားစု ခေတ်မီဖွံ့ဖြိုးလာတဲ့ နိုင်ငံတစ်ရပ်မှာသာ ဒီမိုကရေစီအမြစ်တွယ် ရှင်သန်ထွန်းကားလေ့ရှိပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံအပေါ် အနောက်အုပ်စုနိုင်ငံများက စီးပွားရေး ချွတ်ခြုံကျဆုတ်ယုတ် ပျက်ပြားအောင် ပိတ်ဆို့အရေးယူနေတာတွေဟာ ဒီမိုကရေစီထူထောင်ရေးအတွက် အပြုပိုင်းလား၊ အဖျက်ပိုင်းလားဆိုတာ ခွဲခြားနိုင်ပါတယ်။ မိသားစုတစ်စု အဲဒီလို မိသားစုပေါင်းများစွာ စုစည်းထားတဲ့ နိုင်ငံတစ်နိုင်ငံဟာ စီးပွားရေး ဆုတ်ယုတ်ပျက်ပြားသွားရင် အပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေး၊ အသိပညာရေး၊ ယဉ်ကျေးရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတွေပါ ဆုတ်ယုတ်ကျဆင်းသွားမယ် ဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်ရဲ့ ၂၀၀၃ ခုနှစ် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းများဆိုင်ရာ အစီရင်ခံစာတွင် "ကမ္ဘာ့ စီးပွားရေး အင်အားတောင့်တင်းတဲ့ နိုင်ငံများအနေနဲ့ ၂၀၁၅ ခုနှစ်အထိ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ သဘောတူခဲ့ကြောင်း၊ ကမ္ဘာ့ဆင်းရဲမွဲတေမှုကို ထက်ဝက်အထိ ကျဆင်းအောင်၊ လူတိုင်းအခြေခံပညာ သင်ယူခွင့်ရရှိအောင်၊ ကလေးငယ်များရဲ့ သေဆုံးမှုနှုန်းထားကို သုံးပုံနှစ်ပုံအထိ လျှော့ချနိုင်အောင်" ဆိုတဲ့ လုပ်ငန်းတွေ ပါဝင်ကြောင်း၊ ဒါတွေကို အရှိန်မြှင့်ဆောင်ရွက်ခြင်းမပြုရင် လေထဲမှာ တိုက်အိမ်ဆောက်တယ်လို့ ပြောဆိုခံရဖွယ်ရှိတယ်လို့ ဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် အကျိုးဆောင်ဒါရိုက်တာ Ohil Tynrford ကလည်း "အီရတ်မှာ ဆင်နွှဲတဲ့ စစ်ပွဲအတွက် ဒေါ်လာ ၈၀ ဘီလျံ သုံးစွဲရေးကို အချိန်အနည်းငယ်အတွင်း ဆုံးဖြတ်ချက် ချမှတ်နိုင်ပေမယ့် ရာစုနှစ်သစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ရရှိဖို့လိုအပ်နေတဲ့ ဒေါ်လာ ၅၀ ဘီလျံရဲ့ အရိပ်လက္ခဏာက ဘယ်ရောက်နေမှန်း မသိပါ။ စစ်တိုက်ဖို့အတွက် ငွေကြေးရရှိဖို့ လွယ်ကူသလောက် ဆင်းရဲနွမ်းပါးသူများအတွက် သုံးစွဲရမယ့် ငွေကြေးရရှိဖို့က များစွာခက်ခဲနေတာကို တွေ့မြင်ရပါတယ်"လို့ ဝေဖန်ခဲ့ပါတယ်။ ဒါတွေဟာ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးအချို့ရဲ့ တစ်ကိုယ်ကောင်းဆန်မှုကို ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် အရေးကြီးရင် သွေးနီးရမယ်ဆိုတဲ့အတိုင်း မိမိနိုင်ငံစီးပွားရေး မပျက်စီးရေး၊ မိမိနိုင်ငံ ပြည်သူတွေ ဒုက္ခမရောက်ရေး၊ ဒီမိုကရေစီနိုင်ငံထူထောင်သွားရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်တဲ့ နိုင်ငံရဲ့ စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံရေးပါတီများနဲ့ အင်အားစုများရယ်၊ တပ်မတော်ရယ်၊ ပြည်သူ(ပြည်သူ့ကိုယ်စားလှယ်)များရယ်တို့ မဖြစ်မနေ စုပေါင်းလုံ့လပြု ကြိုးပမ်းသွားဖို့ လိုပါတယ်။ ။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ကျောဖုံးမှ

အခမ်းအနားမစတင်မီ ဟသ်ာတ ထွန်းရင်နှင့် စန္ဒရားခွန်တင်ကြွယ် တို့က ဆရာတော်ကြီးအား ဂီတပူဇာ ဖြင့် ပူဇော်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ကိုးပါးသီလခံယူ

ထို့နောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနထံမှ ပရိသတ်တို့က ကိုးပါး သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာ တော်အရှင်သူမြတ်တို့က ပရိတ်တရား တော်များကို ရွတ်ပွားသရဇ္ဈာယ်တော် မူကြသည်။

ယင်းနောက် မွန်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လှူဖွယ်ပစ္စည်း များနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် က လှူဒါန်းသော လှူဖွယ်ပစ္စည်းများကို မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော်အရာရှိ ကြီးများ၊ ကရင်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြား ရေးမှူးချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲ များ၊ အလှူရှင် ရွှေသံလွင်ကုမ္ပဏီ မိသားစုများနှင့် ဒေသခံတိုင်းရင်းသား များက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက ငွေကျပ်သိန်း ၂၀ကို ပေးအပ်လှူဒါန်းသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ မြိုင်ကြီးငူ အထူးဒေသ အတွက် အလှူတော်ငွေနှင့် ထောက်ပံ့ ပစ္စည်းများကို ပေးအပ်ကြရာ လူမှု ထူးချွန် ပထမဆင့် သီရိသုဓမ္မ မဏိ ဇောတဓရ သီဟသုဓမ္မ မဏိဇောတ ဓရ ဦးသိန်းဝင်း- သီရိသုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်နီ ရွှေသံလွင် ကုမ္ပဏီမိသားစုက ရွှေဂွန်း ရွှေလင်းသာ သာသနာ့ဗိမာန်တော်အတွက် ငွေကျပ် ၄၅၅၅၀၀၀၀ကို လည်းကောင်း၊ ခွဲကပင်တောင်ပေါ်ရှိ စေတီတော် ရွှေစင် ရွှေသား ထီးတော်ရွှေစင် တစ်ပိဿာ ၅၀ ကျပ်သားအတွက် ငွေကျပ် ၂၆၈၈၇၂၀ကိုလည်းကောင်း ပေးအပ် လှူဒါန်းကြရာ မွန်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် က လက်ခံသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီမိသားစု က မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇန၏ မွေးနေ့မင်္ဂလာ အလှူအတွက် ငွေကျပ် ၁၉၈၂၀၀၀၀ကိုလည်းကောင်း၊ မြိုင်ကြီးငူအထူးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် ငွေကျပ်သိန်း ၅၀ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဦးသာထူးကျော်က လက်ခံသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက မြိုင်ကြီးငူ အခြေခံပညာ အထက်တန်းကျောင်း အတွက် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၁၀၀နှင့် ကျောင်းစိမ်းဝတ်စုံ ၅၀ကို လည်းကောင်း၊ ရန်ကုန်မြို့မှ ဆရာငြိမ်း နှင့် သားများက မြိုင်ကြီးငူ အခြေခံ ပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက် တစ်လုံးကိုလည်း ကောင်း ပေးအပ်လှူဒါန်းကြရာ မြိုင်ကြီးငူ အခြေခံပညာအထက်တန်း ကျောင်း ကျောင်းအုပ်ကြီး ဦးစောသိန်း အောင်က လက်ခံသည်။

လှူဒါန်း

ထို့နောက် မွန်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် က မြိုင်ကြီးငူအထူးဒေသမှ စာအောင် သံဃာ ၄၅ပါးတို့အတွက် ဝတ္ထုငွေ များကို စာအောင်သံဃာများကိုယ်စား ဘဒ္ဒန္တကုသလအား ဆက်ကပ်လှူဒါန်း သည်။

ယင်းနောက် မွန်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် က သာသနာရေးဦးစီးဌာနက ကျင်းပ သော ၂၀၀၂ခုနှစ် ဝိသုဒ္ဓိမဂ်စာမေးပွဲ (ပြည်နယ်အဆင့်)တွင် (၃)ဆင့်အောင် မန္တေးန္တေးအေးနှင့် (၂)ဆင့်အောင် နန်းစိန်မြတင်တို့အားလည်းကောင်း၊ အဘိဓမ္မာ ဂုဏ်ထူးဆောင်တန်းအောင် ငါးဦးတို့ကိုယ်စား ပြည်နယ်အဆင့် ပထမရ မခင်ဌေးအားလည်းကောင်း၊ အဘိဓမ္မာ ရိုးရိုးတန်းအောင် ၂၅ဦးတို့ ကိုယ်စား မနုနုအားလည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က အဘိဓမ္မာစာမေးပွဲ အောင်လက်မှတ် များကို သင်တန်းသား၊ သင်တန်းသူ များကိုယ်စား သင်တန်းနည်းပြ ဆရာမ ဒေါ်ဌေးဌေးဦးအား ပေးအပ်သည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် တပ်မတော် ထောက် လှမ်းရေးဌာနချုပ်ရုံးမှ ဌာနကြီးမှူး ဗိုလ်မှူးချုပ်မြင့်ဇော်က ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ သုံးဦးတို့၏ ကိုယ်စား နန်းရင်ဌေးအား လည်း ကောင်း၊ ရိုးရိုးအောင်မြင်သူ ၁၈ဦးတို့၏ ကိုယ်စား နော်ခင်သီခိုင်အား လည်း ကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးချိုထွန်း အောင်က ဒသမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် အကပြိုင်ပွဲ၌ ပထမဆုရစောထက်ရှိုင်း၊ အခြေခံပညာ အဆင့် အသက် (၁၀-၁၅)နှစ် အက ပြိုင်ပွဲ၌ တတိယဆုရ စောကျော်လင်းစိုး ကိုယ်စား ကျောင်းအုပ်ဆရာကြီး၊ အခြေခံပညာအဆင့်အသက်(၁၀-၁၅) နှစ် အကပြိုင်ပွဲ၌ အထူးဆုရ နော်ချစ်သန်းသူဇာနှင့် အခြေခံပညာ အဆင့်အသက်(၁၀-၁၅)နှစ် ဆိုင်းဝိုင်း ပြိုင်ပွဲ အထူးဆုရ စိန်မောင်ဘဆိုင်း အဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် စိန်မောင်ဘတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ယင်းနောက် ဦးသာထူးကျော်က မြိုင်ကြီးငူအထူးဒေသ လူမှုရေး ထောက်ပံ့ငွေအတွက် ငွေကျပ်ခြောက် သိန်းကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းက မြိုင်ကြီးငူအထူးဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်း ၁၂၇ဦးတို့အား မြိုင်ကြီးငူ ဆရာတော်၏ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ခြောက်သိန်းကို ဆရာတော်ကိုယ်စား ပေးအပ်ချီးမြှင့်သည်။

အမျှပေးဝေ

ဆက်လက်၍ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနက အနုမောဒနာတရား ဟောကြားတော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် အဖွဲ့ဝင်များက အလှူမင်္ဂလာပွဲသို့ ကြွရောက်တော်မူ လာကြသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြသည်။ (သတင်းစဉ်)

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ (၅၅)နှစ်မြောက် ဝိဇာတမင်္ဂလာ အခမ်းအနားနှင့် ကရင်ပြည်နယ် စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူ အထူးဒေသ) ငြိမ်းချမ်းမင်္ဂလာအထိမ်းအမှတ် ပဥ္စမအကြိမ် သံဃာတော် အပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)



မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ (၅၅)နှစ်မြောက် ဝိဇာတမင်္ဂလာ အခမ်းအနားနှင့် ကရင်ပြည်နယ် စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူ အထူးဒေသ) ငြိမ်းချမ်းမင်္ဂလာအထိမ်းအမှတ် ပဥ္စမအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း က မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး၏ သက်တော် (၉၇)နှစ်မြောက် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ပဲခူးတိုင်း ပြည်မြို့ ရတနာမာရ် အောင်တောရ ကမ္မဋ္ဌာန်း အလင်းပြ တိုက်ကြီး၏ ဦးစီးပဓာနနာယက သက်တော်ရှည် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစ္စာဗလ (ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး)၏ သက်တော် (၉၇)နှစ်မြောက် ဝိဇာတ မွေးနေ့အလှူတော်မင်္ဂလာအခမ်းအနား နှင့် စုပေါင်းသိက္ခာထပ်မင်္ဂလာအခမ်း အနားကို ယမန်နေ့နံနက် ၈နာရီက မင်္ဂလာခဏ္ဍာသိမ်တော်ကြီး၌ ကျင်းပရာ ဆရာတော် သံဃာတော် ၁၀၈ပါး ကြွရောက်တော်မူကြပြီး ဆရာတော် ကြီးအား သိက္ခာထပ်၍ အလှူရှင်များ က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ ယင်းနောက် တပည့် ဒါယကာ ဒါယိကာမများက သိမ်ဆင်း လောင်းလှူကြသည်။

ရွတ်ဖတ်ပူဇော်

နံနက် ၉နာရီတွင် ဓမ္မစကြာဓမ္မာရုံ တော်ကြီး၌ အခမ်းအနားကို ဆက်လက် ကျင်းပရာ ဆရာတော်ကြီးအား စစ်ကိုင်းတောင်ရိုးကျောင်းမှ ဆရာလေး ဒေါ်သီလနန္ဒီက မေတ္တာပို့ဆုတောင်း၍ လည်းကောင်း၊ ပဓာနအကျိုးတော် ဆောင် ဦးခင်လတ်က ဆရာတော် ကြီး၏ သစ္စာအဓိဋ္ဌာန် စာတမ်းကို ရွတ်ဖတ်ပူဇော်၍လည်းကောင်း၊ ရာမ ဦးအုန်းမောင်က ဆရာတော်ကြီး ရွတ်ဖတ်ပူဇော်လေ့ရှိသော သုမေဓာ ဘုရားအလောင်းတော်၏ ဥဒါန်းဂါထာ တော်တို့ကို ရွတ်ဖတ်ပူဇော်၍ လည်း ကောင်း၊ မန္တလေးသိန်းဇော်က အောင်ဩဘာရတုပိုဒ်စုံဖြင့် ရွတ်ဖတ် ပူဇော်၍လည်းကောင်း အသီးသီး ပူဇော်ကြသည်။ (သတင်းစဉ်)

ရှေ့နေချုပ်ရုံး၊ ဥပဒေရုံးများ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်း ဝါတွင်းကာလတရားပွဲ

ရန်ကုန် ဇူလိုင် ၁၇

ရှေ့နေချုပ်ရုံး၊ ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းမှ ကြီးမှူး၍ ဒေါက်တာမင်းတင်မွန် (မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ညေ့်ပါမောက္ခ)က ရှေ့နေချုပ်ရုံး ဓမ္မာရုံ တွင် ဝါတွင်းကာလ လပြည့်၊ လကွယ်၊ အဖိတ်နေ့ ညတရားပွဲများကို ဟောကြားမည်ဖြစ်သည်။

ဇူလိုင် ၂၇ရက် ည ၆နာရီခွဲမှ ၈နာရီခွဲထိ ဗဟန်း (၂)လမ်းရှိ ရှေ့နေ ချုပ်ရုံး ဓမ္မာရုံတွင် ဘဝအနှစ်သာရ တရားကို ဟောပြောမည်ဖြစ်ရာ မည်သူ မဆို တက်ရောက်နာယူနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်တန်ဆာအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

ပြွန်တန်ဆာအသင်း (ရန်ကုန်)မှ ၁၃၆၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက် ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ဓမ္မစေတီလမ်း၊ အလယ် တောရ စံပြစာသင်တိုက်အတွင်းရှိ ပြွန်တန်ဆာကျောင်း၌ ပထမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ရာ အသင်းသားများ ကြွရောက်ပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးဆောင်းလွင် ဖုန်း-၅၄၂၅၉၈၊ ဦးတင်မောင်အေး ဖုန်း-၆၆၃၀၈၅၊ ဦးကျော်သိန်း ဖုန်း- ၆၄၂၆၆၁၊ ဦးခင်ရွှေ ဖုန်း-၂၉၅၁၂၃၊ ဦးအောင်ကြည် ဖုန်း-၅၁၀၄၀၂၊ ဒေါ်လှမူမူ ဖုန်း-၅၁၁၁၅၈နှင့် ဒေါ်ခင် သက်နိုင် ဖုန်း- ၃၇၁၇၂၀တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရ သည်။ (က-ပ)

အောင်ပင်လယ် စာသင်တိုက် ဝါဆိုပွဲနှင့် စာအောင်သံဃာ ဆုလက်မှတ် ဆက်ကပ်

ရန်ကုန် ဇူလိုင် ၁၇

တောင်ဥက္ကလာပမြို့နယ် (၂)ဝိုင်း အောင်ပင်လယ်စာသင်တိုက် စာအောင် သံဃာ ဆုလက်မှတ်ဆက်ကပ်ခြင်းနှင့် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း အခမ်းအနားကို ဝါဆိုလပြည့်နေ့က ယင်းကျောင်းတိုက်တွင် ကျင်းပရာ အရုဏ်ဆွမ်း အလှူရှင် ဦးအောင်ချို-ဒေါ်ခင်အုန်းချို မိသားစုနှင့် နေ့ဆွမ်းအလှူရှင် ပန်းချီ ကိုမင်းဝေအောင်- မသန်းသန်းမော် မိသားစုတို့က ဆွမ်းများဆက်ကပ်ပြီး ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ရှစ်ပါးသီလခံယူကာ အလှူရှင်များက စာအောင်သံဃာဆုများ ဆက်ကပ်ခြင်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ (၆၃)

➪ မိုးနည်းရပ်ဝန်းမှ

ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေး အတွက်ပါ တွဲဖက်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေခက်ခဲ

မန္တလေးတိုင်း ငါန်းဇွန်မြို့နယ်သည် ပျမ်းမျှမိုးရေချိန် လက်မ ၂၀ခန့်သာ ရွာသွန်းသဖြင့် မိုးရာသီတွင် စိုက်ပျိုးရေ အလုံအလောက် မရရှိနိုင်ဘဲ နွေရာသီတွင် စိုက်ပျိုးရေအခက်အခဲဖြစ်ခဲ့သည်။ သို့ပါ၍ ဆည်မြောင်းဦးစီးဌာနအနေဖြင့် စူးစမ်းလေ့လာမှုကို ဆောင်ရွက်ခဲ့ရာ နတ်သားတောစီမံကိန်းသည်ဆောင်ရွက်ရန်သင့်တော်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဆည်မြောင်းဦးစီးဌာနက ၂၀၀၂ခုနှစ် ဇူလိုင်လတွင် ပဏာမကွင်းဆင်းလေ့လာမှုများကိုဆောင်ရွက်ခဲ့ရာတွင် ဖြစ်မြောက်နိုင်စွမ်းရှိသော လုပ်ငန်းတစ်ခုအဖြစ် လျာထားသတ်မှတ်ခဲ့သည်။ သို့ဖြစ်၍ မြေပြင်တိုင်းတာခြင်း၊ အသေးစိတ် စူးစမ်းလေ့လာမှုများကို ၂၀၀၂ ခုနှစ် စက်တင်ဘာလအတွင်း ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းလေ့လာ

နတ်သားတော ရေလှောင်တမံ စီမံကိန်းသည် မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် နတ်သားတောရွာ၏မြောက်ဘက် နတ်သားတော ချောင်းပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ နတ်သားတော ရေလှောင်တမံ တည်ဆောက်အကောင်အထည် ဖော်နေခြင်းနှင့် ပတ်သက်၍ ကြေးမုံသတင်းအဖွဲ့သည် ဇူလိုင် ၁၀ရက်က နတ်သားတော စီမံကိန်းတည်ရှိရာ ငါန်းဇွန်မြို့နယ်သို့ ကွင်းဆင်းလေ့လာခဲ့ကြသည်။

နတ်သားတော ရေလှောင်တမံ စီမံကိန်းကိုမန္တလေးတိုင်းဆည်မြောင်းဦးစီးဌာနကတာဝန်ယူပြီး မြင်းခြံခရိုင်လက်ထောက် ညွှန်ကြားရေးမှူးရုံးမှ အနီးကပ် ကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်သည်။ နတ်သားတော စီမံကိန်းတည်ရာဌာနသို့ ကြေးမုံသတင်းအဖွဲ့ရောက်ရှိသောအခါတွင် တာတမံတာဝန်ယူဆောင်ရွက်သော ဦးစီးမှူးဦးကြည်ပြုံး၊ ရေထုတ်ပြွန်၊ ရေပိုလွှဲ၊ ရေသောက်စနစ် တာဝန်ခံ ဦးစီးမှူးဦးသန်းဇော်ထွေးတို့က လုပ်ငန်းဆောင်ရွက်လျက် ရှိသည်တို့ကို ရှင်းလင်းပြောပြသည်။

စီမံကိန်းချမှတ်

နတ်သားတော ရေလှောင်တမံကို နတ်သားတော ချောင်းပေါ်တွင် အလျားပေ ၆၁၄၀၊ အမြင့် ၅၇ပေနှင့် ရေပမာဏ ဧကပေ ၅၀၀၀ခန့်ကို သိုလှောင်နိုင်မည့် မြေသားတမံတစ်ခု တည်ဆောက်၍ ချောင်း၏ လက်ဝဲဘက်ကမ်း ဧရိယာဧက ၁၅၀၀ခန့်ကို ဆည်ရေပေးဝေနိုင်ရန် ရည်ရွယ်ချက်ဖြင့် စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းဖြစ်သည်။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ပတ်သက်၍ ဦးစီးမှူး ဦးကြည်ပြုံးက ရှင်းလင်းပြောပြရာတွင် တမံကြီး၏ အရှည်မှာ ပေ၆၁၄၀ ရှိသည့်အလျောက် မြေကျင်းပေါင်း ၁၉၇၉၀ ဖို့ခဲ့ရကြောင်း၊ တမံမြေဖို့ခြင်းလုပ်ငန်းမှာ ပြီးစီးသွားပြီဖြစ်၍ ယခုလက်ရှိ အခြေအနေမှာ ကျောက်စီခြင်းလုပ်ငန်းကို လုပ်ကိုင်နေကြောင်း၊ တမံဖို့သော အချိန်တွင် အောက်ခံမြေသားများကို အောက်ခြေ ရှင်းလင်းခြင်း ပထမလုပ်ပြီး မြေသားထဲတွင် သပ်ကျင်းတူးခြင်းလုပ်ငန်း လုပ်ကြရကြောင်း၊ မြေကြီးတိုင်းကိုဖို့၍မရဘဲ သတ်မှတ်သော စံချိန်၊ စံညွှန်းမီသည့်မြေကို မြေငှားယူ၍ သပ်ကျင်းက စပြီးဖို့ကြရကြောင်း၊ မြေသားခိုင်ခံ့မှုရှိစေရန် တစ်လွှာချင်းဖို့ကြရာ ယခုအခါ သတ်မှတ်သောအမြင့်သို့ ရောက်ရှိပြီဖြစ်ကြောင်း။

သပ်ကျင်းတူးရာတွင် အနည်းဆုံးခြောက်ပေနှင့် အများဆုံး၂၅ပေအနက်ကို တူးဖော်၍ ဖို့ကြရကြောင်း၊ နတ်သားတော ရေလှောင်တမံကို တည်ဆောက်ရာ၌ နတ်သားတော ချောင်းနှင့် ရွှေလင်ပန်းချောင်းတို့ကို ပိတ်၍ တမံတည်ဆောက်ရခြင်း ဖြစ်ကြောင်း၊ ချောင်းပိုင်းတူးကြရာတွင် ရှေးယခင်ကပင်ရှိသော ချောင်းဟောင်းများဖြစ်သောကြောင့် နုန်းများရှိသော ချောင်းများဖြစ်၍ သပ်ကျင်းကို ၂၅ ပေအထိတူး၍ ဖို့ရကြောင်း၊ အောက်ခံ ကျောက်လွှာအထိတူးပြီးမှ သတ်မှတ်သော စံချိန်စံညွှန်းမီအောင် ပြန်ဖို့ကြရကြောင်း၊ ဤသို့လုပ်ရခြင်းမှာလည်း တမံရေရှည်ခိုင်ခံ့မှုအတွက် လုပ်ရခြင်းဖြစ်ကြောင်း။

တည်ဆောက်ရေးအဖွဲ့များ

နတ်သားတော ရေလှောင်တမံ တည်ဆောက်ရာတွင် မြို့ပြအဖွဲ့၊ စက်မှုအဖွဲ့၊အရည်အသွေးထိန်းအဖွဲ့၊ အင်ဂျင်နီယာဘူမိဟူသည့် အဖွဲ့လေးဖွဲ့ဖြင့် ဆောင်ရွက်ကြောင်း၊ ဘူမိအဖွဲ့အနေဖြင့် မြေအောက်အနေအထားအရ အနက်မည်မျှတူးရမည်၊ အောက်ခံမြေလွှာ အခြေအနေကို စမ်းသပ် စစ်ဆေးပေးကြရကြောင်း၊ ဘူမိအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ခံမြေသားလွှာများ သပ်ကျင်းဖို့ပြီးမှ တမံဖို့ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြရကြောင်းဖြင့် ရှင်းပြသည်။

နတ်သားတောရေလှောင်တမံတွင် ရေထုတ်ပြွန်ရေထိန်းမျှော်စင်ကို တည်ဆောက်ပြီးစီးလျက်ရှိသည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အမြင့်မှာ ၂၅ပေရှိ၍ အောက်တွင် အချင်းသုံးပေရှိသော သံရေထုတ်ပြွန်ကို ကွန်ကရစ်များလောင်းထားကြောင်း၊ရေလှောင်တမံတွင်သတ်မှတ်ထားသည့် ရေလှောင်ဧကပေထက်ကျော်လာလျှင်ရေထုတ်ပြွန်မှတစ်ဆင့် စိုက်ပျိုးရေအတွက် ရေထုတ်ပေးမည်ဖြစ်ကြောင်း။

တတိယမြောက်

မြင်းခြံခရိုင်တွင် မြို့သာရေလှောင်တမံ၊ ဖောင်းကတောရေလှောင်တမံတို့ တည်ဆောက်ခဲ့ပြီး ယခု နတ်သားတော ရေလှောင်တမံသည် တတိယမြောက် တည်ဆောက်ခြင်းဖြစ်သည်။ နတ်သားတော ရေလှောင်တမံမှ ဆည်ရေပေးမည့် ဧရိယာမှာ ဧက ၁၅၀၀ ဖြစ်သည်။ နတ်သားတော ရေလှောင်တမံတွင် သတ်မှတ်သော ရေပြည့်လာလျှင် အညာဒေသဖြစ်သောကြောင့် မိုးစပါး ဧက ၂၀၀ စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတွင် သတ်မှတ်သော ရေပြည့်ဝင်လျှင် ရေထုတ်ပေးမည် ဖြစ်သည်။ ရေသွယ် ရေပေးမြောင်းများရှိရန် လိုအပ်သောကြောင့် ရေသွယ်မြောင်းများကိုလည်း စတင် တူးဖော်လျက်ရှိသည်။

နတ်သားတော ရေလှောင်တမံသည် နတ်သားတောချောင်းနှင့် ရွှေလင်ပန်းချောင်း နှစ်ချောင်းတို့မှ ရေကိုသိုလှောင်မည်ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ၅၀၀၀ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် စိုက်ပျိုးရေးအတွက် ရေများဖြန့်ဝေမည်ဖြစ်သည်။ နတ်သားတောမှ ပေးသော ရေဖြင့် စပါးဦးစားပေး စိုက်ပျိုးမည်ဖြစ်ပြီး ချည်မျှင်ရှည်ဝါ၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံစသည့် သီးနှံများ စိုက်ပျိုးနိုင်ရန် ဒေသဆိုင်ရာအဖွဲ့များက စီစဉ်လျက်ရှိသည်။

အဟောသိကံ

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်မှာ အညာဒေသဖြစ်သောကြောင့် မိုးရေကိုအားကိုးနေရသည်။ယခင်က မိုးကာလရွာသော မိုးရေများသည် အထိန်းအကွပ် မရှိသောကြောင့် နတ်သားတော ချောင်းနှင့် ရွှေလင်ပန်းချောင်းတို့မှ တစ်ဆင့် ရာဇဝင်ချောင်းသို့ စီးဝင်ပြီး ဧရာဝတီမြစ်ထဲသို့ကျ၍ အဟောသိကံ ဖြစ်ခဲ့ရသည်။

ထို့ကြောင့် ဒေသကို အထောက်အကူမပြုဘဲ အဟောသိကံဖြစ်ခဲ့သော ချောင်းရေကို ရေလှောင်တမံ တည်ဆောက်၍ ရေဖြန့်ဖြူးရန် စီစဉ်ခြင်းဖြစ်သည်။ မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်သည် စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေပါ မလုံလောက်ခဲ့ဘဲရှိသည်။ ရေတွင်းများတူးလျှင် ရေငန်များသာ ထွက်သောကြောင့် လည်းကောင်း၊ ဆည်မြောင်းနှင့် ပတ်သက်၍ ဖွံ့ဖြိုးမှုနည်းသော ဒေသဖြစ်သောကြောင့်လည်းကောင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရေလှောင်တမံတည်ဆောက်ခြင်းဖြစ်သည်။

ရေပမာဏ

နတ်သားတောရေလှောင်တမံ တည်ဆောက်ပြီးစီးလျှင် ရေဆင်းဧရိယာမှာ ၁၄ စတုရန်းမိုင်ရှိမည်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေသည် ဧကပေ ၃၅၀၀ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ၁၁၀၀သိုလှောင်နိုင်မည်ဖြစ်၍ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာသည် ဧရိယာဧက ၄၂၀ ရှိမည်ဖြစ်သည်။

ရေလှောင်ပမာဏထက် ကျော်လွန်လျှင် ရေလှောင်တမံ ရေပိုလွှဲမှရေများ ထွက်သွားရန်အတွက် သံကူကွန်ကရစ်အမျိုးအစားရေပိုလွှဲကို တည်ဆောက်လျက်ရှိရာ ရေပိုလွှဲအကျယ်မှာ ပေ၃၀ ရှိ၍ ရေပိုလွှဲ၏အလျားမှာ ပေ ၁၀၉၀ ရှိမည်ဖြစ်သည်။

နတ်သားတောရေလှောင်တမံ စီမံကိန်းကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပင်မတမံတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက်ခြင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းနှင့် ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ခန့်မှန်းကုန်ကျငွေ ကျပ် ၂၇၉သိန်း ကုန်ကျမည်ဖြစ်သည်။

နတ်သားတော ရေလှောင်တမံသည် မိုးနည်းရပ်ဝန်းဒေသဖြစ်သော မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် တတိယမြောက် တည်ဆောက်ခြင်းဖြစ်သောကြောင့် ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေအတွက်သာမက၊ သောက်သုံးရေအတွက်ပါ ရရှိနိုင်မည်ဖြစ်ပြီး ဆည်မြောင်းဦးစီးဌာနမှ နိုင်ငံအဝန်း ဆည်မြောင်း တာတမံများ တည်ဆောက်ရာတွင် ၁၄၉ခုမြောက် ဆည်မြောင်းတာတမံအဖြစ် မကြာမီ ဖွင့်လှစ်နိုင်တော့မည် ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

(ကြေးမုံ)

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် သတ်မှတ်ချိန်အမီ ပြီးစီးရန် တည်ဆောက်နေသော နတ်သားတောရေလှောင်တမံတွင် တမံမြေသားများ ညှိနေသည်ကို ဇူလိုင်၁၀ရက်က တွေ့ရစဉ်။

[ဓာတ်ပုံမှတ်တမ်းတင်-အောင်မိုး(ကြေးမုံ)]

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် သတ်မှတ်ချိန်အမီ ပြီးစီးရန်အတွက် ယန္တရားကြီးများဖြင့်တည်ဆောက်နေသော နတ်သားတော ရေလှောင်တမံကို ဇူလိုင်၁၀ရက်က တွေ့ရစဉ်။

[ဓာတ်ပုံမှတ်တမ်းတင်-အောင်မိုး(ကြေးမုံ)]

သံတမန်ရေးရာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အရာထမ်းများအတွက် သံတမန်ရေးရာသင်တန်း အမှတ်စဉ်(၅/၂၀၀၃)ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရှင်ဒီသာပါမောက်ဆောင် ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာသံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများအား တစ်ဦးချင်းပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများနှင့် ရှေ့နေချုပ်ရုံးတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၉ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၃ပတ် ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အရာထမ်းများအတွက် သံတမန်ရေးရာ သင်တန်းအမှတ်စဉ် (၅/၂၀၀၃) ဆင်းပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က သင်တန်းသား တစ်ဦးအား သင်တန်းဆင်း လက်မှတ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

သွားနှင့်ခံတွင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ကျန်းမာရေးဦးစီးဌာန သွားနှင့်ခံတွင်း ဌာနစိတ်နှင့် နယ်သာလန်နိုင်ငံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍G.C. Asia Dental Pte Ltd၏ အထောက်အပံ့ဖြင့် ကျင်းပသော Training of Trainers Workshop on ART ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၌ ဇူလိုင်၁၀ရက် နံနက် ၉နာရီက ကျင်းပရာ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာစံရွှေဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ၎င်းနောက် နယ်သာလန်နိုင်ငံမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အတိုင်ပင်ခံပါမောက္ခ ဒေါက်တာ Joe. E Frencken က အလုပ်ရုံ ဆွေးနွေးပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်၁၀ရက်မှ၁၄ရက်ထိ ငါးရက်ကျင်းပရာ သင်တန်းသား ၁၀ဦး တက်ရောက်သည်။ (သတင်းစဉ်)

စာရင်းကိုင်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၇

အခြေခံစာရင်းကိုင်ပညာသင်တန်း အမှတ်စဉ်(၁၇)ကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်စာရင်းရုံး အမှတ် (၉၅/၁၁၂) ပြည်ထောင်စုလမ်း ၆၄ ရပ်ကွက်တွင် ဇူလိုင် ၂၀ရက်၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်ကြောင်းနှင့် အောင်လက်မှတ်ကို စာရင်းစစ်ချုပ်ရုံးမှ ချီးမြှင့်မည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများသည် ဖုန်း-၅၉၁၅၀၇ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(က-ပ)

အလိုတော်ပြည့်ကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်း အောင်မြေဗောဓိမွှေရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက် ပြည်တွင်းပြည်ပသာသနာပြု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တအရိယဝံသအား အမှူးထား၍ ဝါကပ်တော်မူကြမည့် စာချ၊စာသင် သံဃာတော်အရှင်သူမြတ် အပါး၁၅၀တို့အား စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၉ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် ကျင်းပမည်ဖြစ်၍ သက်န်းစသော လှူဖွယ်ဝတ္ထုတို့ကို ကိုယ်တိုင်ကြွ ရောက်လှူဒါန်းနိုင်ကြရန် အလိုတော်ပြည့်ဥပဋ္ဌာကအဖွဲ့နှင့် ဂေါပကအဖွဲ့တို့က ဖိတ်ကြားထားကြောင်းသိရသည်။ (ကြေးမုံ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

☆ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား စံပြကွက်စိုက်ပျိုးရေးရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးတိုင်းမန်နေဂျာ ဦးဝင်းမောင်က ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေ၊ မြို့နယ်တစ်ခုလုံးအတွင်း၌ ၇၂ ဒသမ ၄၂ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးမှု၊ ဒေသခံတောင်သူများအား နည်းပညာများ ဖြန့်ဝေပေးခဲ့မှု၊ မြို့နယ်အတွင်းစံပြကွက်များပြုလုပ်ဆောင်ရွက်၍ မိုးစပါးစိုက်ပျိုးမည့်အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်နှုန်းကောင်းမျိုးများ သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော် ဧကများ တိုးတက်ဖြစ်ပေါ်ရေးအတွက် တောင်သူလယ်သမားများအား ပညာပေးစည်းရုံးအားပေးဆောင်ရွက်ကြရေးနှင့် စံပြကွက်များမှ ရရှိလာသော စံနှုန်းများအပေါ်အခြေခံကာ ဒေသနှင့်သင့်လျော်သောစပါးမျိုးများနှင့် နည်းစနစ်များကို အသုံးပြု၍မြို့နယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့နယ်အတွင်း စံပြကွက်ဆောင်ရွက်မည့် စိုက်ခင်းများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အထွက်နှုန်းတိုင်းတာမည်

အဆိုပါ စမ်းကလေးကျေးရွာအုပ်စု စံပြကွက်တွင် လယ်သမား ၁၆ဦးတို့က စုစုပေါင်း လယ်မြေဧက ၁၀၀၌ ကျော်ဇေယျစပါးမျိုး ဧက ၉၀နှင့် မှော်ဘီ(၂)မျိုး ၁၀ဧကတို့ကို မျိုးများ ယှဉ်ပြိုင်စမ်းသပ်ခြင်း၊ ကောက်ကွက်များစမ်းသပ်ခြင်း၊ ပျိုးသက်ရက် စမ်းသပ်ခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အမျိုးမျိုးကို စမ်းသပ်ကွက်အလိုက် ကျွေးမွေးခြင်း တို့ကိုဆောင်ရွက်ကြပြီး အထွက်နှုန်းကို တိုင်းတာကြမည်ဖြစ်သည်။

လျာထားသတ်မှတ်

ပဲခူးတိုင်း ပဲခူးခရိုင် ညောင်လေးပင်မြို့နယ်၌ ၂၀၀၃–၂၀၀၄ ခုနှစ် မိုးစပါး စိုက်ပျိုးမှုတွင် ဧက ၁၂၁၃၀၀ စိုက်ပျိုးရန်လျာထားသတ်မှတ်ထားရာ ဇူလိုင် ၁၄ရက်အထိ စပါး ၈၇၈၄၃ဧကစိုက်ပျိုးနိုင်ခဲ့သဖြင့် ရာနှုန်းအားဖြင့် ၇၂ ဒသမ ၄၂ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရမောင်နီ လိုက်ပါလျက် အိုလံပစ်ကုမ္ပဏီလီမိတက်၏အဖွဲ့ဝင် ကုမ္ပဏီဖြစ်သော HI-STAR Public Co., Ltd. ၏ ရန်ကုန်–မန္တလေးလမ်း စီမံကိန်း ညောင်လေးပင်–ဇေယျဝတီလမ်းပိုင်း မိုင်တိုင်(၉၈/၀) မှ (၁၄၆/၀)အထိ ဆောင်ရွက်လျက်ရှိသည့်လမ်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ ညနေ ၆နာရီ ၄၅မိနစ်တွင် HI-STAR Public Co., Ltd. ၏ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ HI-STAR Public Co., Ltd. စီမံကိန်းမန်နေဂျာ ဦးအောင်ခင်က လုပ်ငန်းစတင်ချိန်၌ လမ်းများအခြေအနေ၊ လက်ရှိလမ်းများအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လမ်းပိုင်းအတွင်းရှိ တံတားများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ကျောက်ရရှိမှု၊ ကတ္တရာရရှိမှုနှင့် စက်သုံးဆီရရှိမှု အခြေအနေတို့နှင့် မိမိတို့တာဝန်ယူရသော ညောင်လေးပင်နှင့် ဇေယျဝတီလမ်းပိုင်း(၄၈)မိုင်အတွင်း ပဲနွယ်ကုန်းနှင့် တောကျွဲအင်းအကြားမိုင်တိုင်အမှတ်(၁၂၃)မှ (၁၂၅) နှင့်မိုင်တိုင်အမှတ်(၁၂၆)မှ (၁၂၇)လမ်းပိုင်းတို့၌ ပျက်စီးယိုယွင်းနေမှုများကို အလေးထား ပြုပြင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိုးရာသီကာလအတွင်း လမ်းများ၊ တံတားများ ပျက်စီးပါက ကုန်စည်စီးဆင်းမှုနှင့် ဒေသအတွင်း တစ်နေရာမှတစ်နေရာ ကူးလူးသွားလာရာတွင် ခရီးဖင့်နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်နိုင်သဖြင့် လမ်းပိုင်းများကို တစ်ကွက်ပေါက်တစ်ကွက်ဖာစနစ်ဖြင့် အချိန်မီပြုပြင်ဆောင်ရွက်ရေး၊ မိုးရာသီကာလအတွင်း အတတ်နိုင်ဆုံးတံတားများ၊ မပျက်စီးအောင်ထိန်းသိမ်းစောင့်ရှောက်ထားရှိရေး၊ လမ်းများပျက်စီးယိုယွင်းမှုရှိပါက အချိန်မီပြုပြင်တည်ဆောက်နိုင်ရန် စီမံထားရှိရေးနှင့် လမ်းသားများကို ရေရှည် အသုံးပြုနိုင်ရန်အတွက် နည်းပညာများဖြင့်အသုံးပြုဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် တောင်ငူမြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

တွေ့ဆုံမှာကြား

တောင်ငူမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဇူလိုင် ၁၅ရက် နံနက် ၇နာရီတွင် တောင်ငူမြို့ တိုင်းစစ်ဌာနချုပ် ခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် တောင်ငူခရိုင်အတွင်းရှိ ဌာနဆိုင်ရာများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် နယ်မြေဒေသအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စများကို မှာကြားသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှတွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရမောင်နီ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် တောင်ငူခရိုင်အတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ ဖြူး၊ အုတ်တွင်း၊ ကျောက်ကြီးနှင့် ထန်းတပင်မြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွံ့ဖြိုးတိုးတက်လျက်ရှိ

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာစေရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ညီလက်ညီ လက်တွဲဆောင်ရွက်လျက်ရှိသဖြင့် ယခုအခါ နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို အားလုံးမြင်တွေ့နေကြရပြီဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်သည် မြေသယံဇာတ၊ ရေသယံဇာတများလည်း ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းသယံဇာတများကို အကျိုးရှိရှိအသုံးချ၍ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကို အဓိကထားဆောင်ရွက်ကြရန် လိုကြောင်း။

ပဲခူးတိုင်းအနေဖြင့် နိုင်ငံတော်စီးပွားရေးအတွက် အဓိကအရေးပါသည့် တိုင်းကြီးတစ်တိုင်း ဖြစ်သည်နှင့်အညီ ပဲခူးတိုင်းအတွင်းရှိ မြို့နယ်အသီးသီးတို့သည်လည်း နိုင်ငံတော်အတွက် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းအတွင်း တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် နိုင်ငံတော်အတွက် ပိုပြီးဝီရိယစိုက်ထုတ်ကာ စေတနာရှိရှိဖြင့် ဆောင်ရွက်ကြရန် ထပ်ဆင့်မှာကြားလိုကြောင်း။

ပြည့်မီရန်ကြိုးပမ်း

ပဲခူးတိုင်းအတွင်းရှိ တောင်ငူခရိုင်အနေဖြင့် ၂၀၀၃–၂၀၀၄ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် ဧက ၄၃၉၅၀၀ စိုက်ပျိုးရန် ရည်မှန်းထားရာ ဇူလိုင် ၁၄ ရက်အထိ ၁၇၄၁၄၅ ဧက စိုက်ပျိုးပြီးဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် လျာထားသတ်မှတ်ချက်အတိုင်း ပြည့်မီရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်၏ အဓိကသီးနှံ၁၀မျိုးဖြစ်သည့် စပါး၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ပဲစင်းငုံ၊မတ်ပဲ၊ပဲတီစိမ်း၊မြေပဲ၊နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်းတို့ကို လျာထားသတ်မှတ်ထားသည့်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် တောင်ငူခရိုင်အတွင်း အမည်သစ် သီးနှံသုံးမျိုးဖြစ်သည့် လက်ဖက်၊ ကော်ဖီ၊ နှမ်း၊ ငရုတ်ကောင်းတို့မှာ ဒေသ၏ရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသဖြင့် ပိုမိုတိုးချဲ့ စိုက်ပျိုးသွားကြရန် လိုကြောင်း၊ ထို့အပြင် နှစ်ရှည်ပင်သုံးမျိုးအနက် သစ်ဆိမ့်မှာလည်း အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိရသဖြင့် စီမံချက်ချမှတ်ပြီး တိုးချဲ့စိုက်ပျိုးသွားရန် လိုကြောင်း။

ငါးမွေးမြူ

မွေးမြူရေးကဏ္ဍကိုလည်း စိုက်ပျိုးရေးကဏ္ဍနှင့်အတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းမရှိသည့် မြေလွတ်မြေရိုင်းများတွင် ငါးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ပဲခူးတိုင်း တစ်တိုင်းလုံးအနေဖြင့် ငါးမွေးမြူရေးကန် ဧကတစ်သောင်းသာရှိသေးရာ ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း (အနောက်ပိုင်း)တို့တွင် ဧကငါးထောင်စီ ထပ်မံတိုးချဲ့ပြီး စုစုပေါင်း ဧကနှစ်သောင်းအထိရရှိရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသအတွင်း ဖြစ်ထွန်းသည့် ကြက်၊ ဘဲ၊ ဝက် မွေးမြူရေးလုပ်ငန်းများကိုလည်း ကျေးရွာအဆင့်အထိ ရောက်အောင်တွန်းအားပေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

ယင်းကဲ့သို့ စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားရင်း တစ်ဖက်က ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် လက်တွဲကာဒေသတွင်း တရားဥပဒေစိုးမိုးရေး၊ရပ်ရွာအေးချမ်းသာယာရေးတို့ကို အချိတ်အဆက်မိမိဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တက်ရောက်လာကြသောဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

သံတောင်ကြီးမြို့

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်တွဲဖက်စစ်ထောက်ချုပ်ဗိုလ်ချုပ်ထင်အောင်ကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရမောင်နီနှင့် တာဝန်ရှိသူများ လိုက်ပါလျက် တောင်ငူ–သံတောင်ကြီး ကားလမ်းအတိုင်း သွားရောက်၍ လမ်းများအခြေအနေ၊ လမ်းဘေးဝဲ/ယာတစ်လျှောက် ကျွန်းနှင့်သဘာဝသစ်တောများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၀နာရီတွင်ကရင်ပြည်နယ် သံတောင်ကြီး တောင်စခန်းမြို့သို့ ရောက်ရှိကြပြီး တောင်စခန်းမြို့အဝင်၌ ကျောက်တုံးဥယျာဉ် တည်ဆောက်ထားရှိမှုကို လည်းကောင်း၊ ဌာနဆိုင်ရာရုံးများ၊ ဟိုတယ်များနှင့် လူနေအိမ်ရာများ အကွက်ချတည်ဆောက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် အဖွဲ့ဝင်များသည် သံတောင်ကြီးမြို့နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး အရာရှိ၊အရာခံ၊အကြပ်စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံကာ စွမ်းရည်သုံးရပ် တိုးတက်အောင် ဆောင်ရွက်ရေး၊ တပ်တွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရေးမှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သံတောင်ကြီး တောင်စခန်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြပြီး ထွက်ခွာခဲ့ကြရာ သံတောင်ကြီး တောင်စခန်းမြို့ အထွက်၌ သံတောင်ကြီး တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ ကော်ဖီစိုက်ပျိုးရေးခြံသို့ရောက်ရှိကြပြီး သံတောင်ကြီးတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်လှက သံတောင်ကြီး တောင်စခန်းမြို့ အနီးပတ်ဝန်းကျင်၌ ကော်ဖီပင်ဧက ၃၄၀ စိုက်ပျိုးရန် ရည်မှန်းထားသည့်အနက် ဧက ၁၆၀ စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပျိုးပင်နမူနာ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စင်ကိုနာ ပျိုးပင်ငယ်နမူနာများနှင့်ကော်ဖီပျိုးပင် နမူနာများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းများကြားတွင် ငရုတ်ကောင်းပင်များပါ တစ်ပါးတည်း ကြားညှပ်စိုက်ပျိုးရေး မှာကြားသည်။

သံတောင်မြို့

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သံတောင်ကြီး တောင်စခန်းမြို့မှ သံတောင်ကြီး–သံတောင် ကားလမ်း အတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂နာရီတွင် ကရင်ပြည်နယ် သံတောင်မြို့သို့ ရောက်ရှိကြပြီး သံတောင်မြို့နယ်မှ ဌာနဆိုင်ရာများ အားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

အလေးထားဆောင်ရွက်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာ၌ သံတောင်မြို့နယ်သည် မြေပြန့်ဒေသ နည်းပါးသဖြင့် ဆန်စပါးတိုးချဲ့စိုက်ပျိုးရန် အခြေအနေမပေးသည့် မြို့နယ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသတွင် လက်ရှိစိုက်ပျိုးအောင်မြင်လျက်ရှိသည့် လက်ဖက်၊ ကော်ဖီ၊ ငရုတ်ကောင်း၊ စင်ကိုနာနှင့် ဖာလာပင်များကို တိုးချဲ့စိုက်ပျိုးကြရန်နှင့် ဘိုးဘွားလက်ထက်ကတည်းက စိုက်ပျိုးခဲ့သော ဒူးရင်းနှင့် တညင်းပင်များကိုလည်း တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးပြီးဖြစ်သည့် နှစ်ရှည်ပင်များတွင် ငရုတ်ကောင်းများ တွယ်ကပ်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသနေပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်နှင့် အပိုဝင်ငွေရရှိစေရန် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းမည့် ဒေသကြက်များကို တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မအထိ တိုးချဲ့မွေးမြူသွားရေးကို တွန်းအားပေးစည်းရုံးဆောင်ရွက်သွားရန် လိုကြောင်း၊ ယင်းကဲ့သို့ ဒေသတွင်းဖြစ်ထွန်းသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်သော ဒေသနေပြည်သူများအနေဖြင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းပြီး လူနေမှုဘဝ မြင့်မားလာမှာဖြစ်ကြောင်း၊ ထို့အပြင် သံတောင်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရန်နှင့် မိမိတို့မြို့နယ်အတွင်း တရားဥပဒေစိုးမိုးပြီးအေးချမ်းသာယာရေးအတွက် ဒေသရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နှီးကြားတက်ကြွစွာ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်သံတောင်မြို့နယ်မှ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တာဝန်ရှိသူများ ပဲခူးတိုင်း တောင်ငူမြို့နယ် ကျောက်တိုင် ကော်ဖီခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈–၇–၂၀၀၃(သောကြာနေ့)

နံနက်ပိုင်း:

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ကြေးမုံရိပ်သွင်တေးနယ်ချဲ့
- ၈:၁၀ ၆။ တေးဂီတအစီအစဉ်
- ၈:၂၀ ၇။ သုံးဆယ်ရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ English for Everyday Use.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း:

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၂၀ ၇။ ငယ်မူဟန်ပန်သူ့အသံ
- ၅:၂၅ ၈။ အကပြိုင်ပွဲ
- ၅:၄၀ ၉။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၅၀ ၁၀။ လက်ဆင့်ကမ်းပေးဂီတတေး
- ၆:၀၀ ၁၁။ တေးဂီတအစီအစဉ်
- ၆:၁၅ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ ကြည်နူးပျော်ရွှင်ဟာသခွင်
- ၇:၁၀ ၁၆။ နှောင်းခေတ်တေးပဒေသာ
- ၇:၂၅ ၁၇။ ကော်ဖီ(အပိုင်း–၂)
- ၇:၃၅ ၁၈။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၈:၀၀ ၂၀။ ပြည်တွင်းသတင်း
- ၂၁။ နိုင်ငံတကာသတင်းများ
- ၂၂။ မိုးလေဝသအခြေအနေ
- ၂၃။ **မြန်မာဗီဒီယိုဇာတ်လမ်း အမြင့်ဆုံး (အပိုင်း–၂) (ရန်အောင်၊ မေသန်းနု) [ဒါရိုက်တာ –ခင်မောင်ဦး၊ စိုးသိမ်းထွဋ်]**
- ၂၄။ နောက်တစ်နေ့အစီအစဉ်
- ၂၅။ အစီအစဉ်ပြီး၏။

✻ မြှောက်တိုင်းလည်း မမြောက်နဲ့

ဒဂုံမြို့သစ်(မြောက်ပိုင်း) သန္တိသုခဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၁၇

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၆)ရပ်ကွက် သန္တိသုခဓမ္မာရုံကြီးတွင် ဝါဆိုလပြည့်နေ့က (၄၆)ရပ်ကွက် အောင်ဓမ္မရိပ်သာဆရာတော်ကြီး အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပရာ အောင်ဓမ္မရိပ်သာ ဦးစီးပဓာနဆရာတော်ကြီးနှင့် ရဟန်းတော်များ၊ (၄၆)ရပ်ကွက် အေးချမ်းသာယာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဝါဆိုသင်္ကန်း အလှူရှင်များ တက်ရောက်လှူဒါန်းကြသည်။ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၆)ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အပါး ၁၅၀တို့အား ဝါတွင်းသုံးလပတ်လုံး တနင်္ဂနွေနေ့နံနက်တိုင်း သန္တိသုခဓမ္မာရုံကြီးတွင် အရဏ်ဆွမ်းလောင်းလှူကြမည်ဟု သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

➪ စာမျက်နှာ ၉ မှ

တက်ရောက်လာကြသော ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကျောက်တိုင်ကော်ဖီခြံ

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း တောင်ငူမြို့နယ် ကျောက်တိုင်ကျေးရွာရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်ကော်ဖီ တိုးချဲ့စိုက်ပျိုးရေးစီမံကိန်း ကျောက်တိုင်ကော်ဖီခြံသို့ ရောက်ရှိကြရာ ခြံမန်နေဂျာ ဦးထိုက်က ကျောက်တိုင် ကော်ဖီခြံရှိ မြေ ၄၂ ဧကတွင် ကော်ဖီပျိုးပင် ငါးသိန်းနှင့် ငရုတ်ကောင်းပျိုးပင်ငါးသိန်း စိုက်ပျိုးပြုစု ပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ခြံအတွင်း လိုက်လံရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာ့စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတို့က မြို့နယ်အတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလိုသူများနှင့် စီးပွားဖြစ် စိုက်ပျိုးလိုသူများအား ကော်ဖီပျိုးပင်များကို ဈေးနှုန်းသက်သာစွာ အရစ်ကျစနစ်ဖြင့် ရောင်းချပေးရေး၊ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလိုသူများ ရရှိအောင် စည်းရုံးဆောင်ရွက်ရေး မှာကြားသည်။

ယခုနှစ်တွင် တောင်ငူဒေသ၌ ကော်ဖီဧက ၅၀၀ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဧက ၂၂၀ စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ကော်ဖီစိုက်ပျိုးလိုသူများအား ကျောက်တိုင် ကော်ဖီခြံက သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားရန် ကော်ဖီပျိုးပင်ငါးသိန်း ပျိုးထောင်ထားရှိပြီး ဖြစ်ကြောင်းသိရသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့နယ် ရောက်ပင်ချောင်းကျေးရွာအုပ်စု ငွေတောင်လေးကျေးရွာရှိ တောင်သူ ဦးစောတိတိ၏ ခြံမြေ ငါးဧက၌ တစ်လခွဲသားအရွယ်ရှိ ကတ်တီမိုးကော်ဖီမျိုးအပင် ၂၅၀၀ အောင်မြင်စွာ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ခြံအတွင်း လိုက်လံရှင်းလင်း ပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရောက်ပင်ချောင်းကျေးရွာမှ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် တောင်ငူမြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

လက်ခံ

ဇူလိုင် ၅ရက်က ရန်ကုန်မြို့ မဟာစည် ဟိတေသီဓမ္မာရုံတွင် ငွေပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် မင်းကုန်းမကွာ ကုန်းကျောင်း ဆရာတော် ဦးဝိစိတ္တထံမှ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်က လက်ခံစဉ်။ (က-ပ)

ဟင်္သာတအသင်း (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ရက်က ဗိုလ်တထောင်မြို့နယ် ၄၅လမ်းရှိ ဟင်္သာတအသင်း၌ ကျင်းပရာ လှိုင်မြို့နယ် မေတ္တာဝါဒီ ဟင်္သာတကျောင်းတိုက်မှ သံဃာတော်များအား အသင်းနာယကနှင့် အမှုဆောင်များက ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းကြစဉ်။ (က-ပ)

တပ်မတော်သားဂုဏ်ရည်စာအုပ် ဒုတိယအကြိမ် ထပ်မံရိုက်နှိပ်ရန်စီစဉ်

ရန်ကုန် ဇူလိုင် ၁၇

လှမြင့်ဆွေ(စစ်ကိုင်း) ရေးသားသော **"တပ်မတော်သားဂုဏ်ရည်"** စာအုပ်ကို ရဲအောင်စာပေက ပထမအကြိမ်အဖြစ် အုပ်ရေ ၂၀၀၀ ရိုက်နှိပ်ခဲ့သည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စုစုပေါင်းငွေကျပ်၆၂၅၀၀၀ တန်ဖိုးရှိ အဆိုပါစာအုပ် အုပ်၂၅၀ကို ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဇနီး ဒေါ်စန်းစန်းမြင့်မိသားစုက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ဇွန် ၂၃ရက်က လှူဒါန်းခဲ့ပြီးဖြစ်သည်။ ယင်းစာအုပ်ကို ဒုတိယအကြိမ် ထပ်မံရိုက်နှိပ်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့ဆေးရုံကြီး တိုးချဲ့ခွဲစိတ်ခန်း လွှဲပြောင်းပေးအပ်ပွဲနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ရွှေသံလွင်ကုမ္ပဏီမိသားစုက တည်ဆောက်လှူဒါန်းသည့် မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးရှိ တိုးချဲ့ခွဲစိတ်ခန်း လွှဲပြောင်းပေးအပ်ပွဲနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက် ညနေ ၃နာရီတွင် အဆိုပါဆေးရုံခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင် ရွှေသံလွင်မိသားစုများ၊ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာခင်သန်းစိန်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်ဆရာမများတက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းထွန်းက ငွေကျပ် ၉၄သိန်းကျော် အကုန်အကျခံ၍ သထုံခရိုင် ပြည်သူ့ဆေးရုံကြီး တိုးချဲ့ခွဲစိတ်ခန်း တည်ဆောက်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုမှတ်တမ်းပေးအပ်

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီ နာယက သီရိသုမ္မသီဂိ သီဟသုမ္မသီဂိဒေါ်နီက တိုးချဲ့ခွဲစိတ်ခန်းနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်သန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဆေးပဒေသာပင်စိုက်ထူ

ထို့နောက် ရွှေသံလွင်ကုမ္ပဏီ နာယက သီရိသုမ္မသီဂိ သီဟသုမ္မသီဂိ ဒေါ်နီက သထုံခရိုင်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်စိုက်ထူရန် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်သန်းစိန်က လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ သထုံခရိုင် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက ငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်ကလည်းကောင်း၊ အငြိမ်းစား နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်ကြွယ်က ငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်းကလည်းကောင်း၊သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က ငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်သန်းစိန်က လည်းကောင်း လက်ခံကြသည်။

ယင်းနောက် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်သန်းစိန်က ကျေးဇူးတင် စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များနှင့် အလှူရှင်များသည် ခရိုင်ပြည်သူ့ဆေးရုံကြီးတို့ချဲ့ ခွဲစိတ်ခန်းကို သွားရောက်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ရွှေသံလွင်ကုမ္ပဏီနာယက သီရိသုမ္မသီဂိ၊ သီဟသုမ္မသီဂိ ဒေါ်နီက သထုံခရိုင် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင် စိုက်ထူရန် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်သန်းစိန်က လက်ခံစဉ်။ (သတင်းစဉ်)

❋ ခြောက်တိုင်းလည်း မကြောက်နဲ့

ပြောင်းလဲတိုးတက်လာသော တရုတ်-ရုရှား ဆက်ဆံရေး

ရန်ကုန် ဇူလိုင် ၁၇

မျိုးဆက်သစ် လူငယ်လူရွယ်များ၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန် ထမ်းဆောင်နေသူများနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍ စိတ်ဝင်စားသူများ ဗဟုသုတရရှိစေရန်နှင့် နိုင်ငံတော် ကာကွယ်တည်ဆောက်ရေးတွင် အမျိုးသားရေးအမြင် ပိုမိုကြည်လင်ပြတ်သားစွာ ပေါ်ထွန်းပြီး မျက်မှောက်ခေတ်ကမ္ဘာ့ပုံစံသစ်အပေါ် စဉ်ဆက်မပြတ် လေ့လာနိုင်ရန် ရည်သန်လျက် အုန်းမြင့်(မဟာဝိဇ္ဇာ) ရေးသားပြုစုသည့် **ပြောင်းလဲတိုးတက်လာသော တရုတ်-ရုရှား ဆက်ဆံရေးနှင့် မဟာဗျူဟာအရေးပါလာမှု အလားအလာ**စာအုပ်ကို မိုးဟိဏ်းကျော်(စာပေ) အမှတ်(၁၃၅) ၄၈လမ်း (အထက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၀၂၈၂၈၂ က ဖြန့်ချိလိုက်သည်။ **(ဝဲ)** (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ နားဝင်ငြိမ့်စီး သီချင်းကြီး
၄:၂၅ ၅။မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၄:၅၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) ဒုတိယနှစ် (ဥပဒေပညာ)
(ခ) ဒုတိယနှစ် (အင်္ဂလိပ်စာ)
၅:၃၅ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄ ။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဏ္ဏဝါချစ်သူ (အပိုင်း-၇)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၀။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (တတိယဆယ်စုနှစ်) အပိုင်း (၂)**
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ **ဆရာတော်ဦးဃောသိတတရားတော် (အနတ္တလက္ခဏသုတ်တရားတော်)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

တနင်္သာရီတိုင်း ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး ပုစွန်မွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

မြိတ် ဇူလိုင် ၈

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍ ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ ဇွန် ၂၉ ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကား ပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက မွေးမြူရေးကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပုစွန်မွေးမြူရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ရေငန်ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးသန်းဦးဝေက ရေလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ **(၂၇၈)**

ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်

ဘားအံ ဇူလိုင် ၉

ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်မြစ်အနောက်ဘက်ကမ်းဒေသရှိ ကြာအင်းကျေးရွာ ပေါ်တော်မူကျောင်းတွင် ဆရာတော် အရှင်နန္ဒသာရကြီးမှူး၍ ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ဝါဆိုလဆန်း ၁၁ရက်က စတင်ကျင်းပသည်။

ပဌာန်းဒေသနာပူဇော်ပွဲကို ရက်ပေါင်း ၉၀ ကြာ ကျင်းပပူဇော်မည်ဖြစ်ပြီး သီတင်းကျွတ် လဆန်း ၁၁ ရက်တွင် ပြီးစီးမည်ဟု သိရသည်။ (၄၀၈)

သဲကုန်းမြို့နယ် ရင်းတိုက်မော်အုပ်စု ရှမ်းတော ကျေးရွာတွင် ရှမ်းကျောင်း ဆရာတော် ဘဒ္ဒန္တပညာသာမိ ဦးဆောင်မှုဖြင့် ကိုယ့်အားကိုယ်ကိုး ကျပ် ၁၀ သိန်း ကျော်တန် ဝါကြီးချောင်းဖြတ် ဇယမင်္ဂလာ တံတားသစ်ဖွင့်ပွဲကို ဇူလိုင် ၅ ရက်က ကျင်းပရာ ပုတီးကုန်းရဲစခန်းမှူး ရဲအုပ်စန်းမြိုင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးရွှေဒွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

မြို့နယ် သတင်းများ

ညောင်တုန်းမြို့စည်ပင်သာယာလုပ်ငန်းများ ဧရာဝတီတိုင်း ညွှန်မှူးနှင့်အဖွဲ့ စစ်ဆေး

ညောင်တုန်း ဇူလိုင် ၁၆

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့သည် ညောင်တုန်းမြို့သို့ ဇွန် ၂၉ ရက်က ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ညောင်တုန်းမြို့စည်ပင်သာယာဈေး၊ စည်ပင်သာယာပန်းခြံ၊ ပန်းဥယျာဉ်နှင့် အမှတ် (၉)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း ကျောက်ချောလမ်းခင်းရန် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စိုးမင်းတို့က ရှင်းလင်းတင်ပြကြသည်။ **(အောက်ပုံ)**

ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံကာ စည်ပင်သာယာလုပ်ငန်းများနှင့် ပတ်သက်၍ မှာကြားဆွေးနွေးသွားသည်။ **(၁၆၁)**

ကဝမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၀၃ခုနှစ် မိုးစပါး စိုက်ပျိုးရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်မန်နေဂျာ ဦးဝင်းထိန်၊ ကြီးကြပ်ရေးမှူး ဒေါ်မြင့်မြင့်ရီနှင့် ဒု-ကြီးကြပ်ရေးမှူး ဒေါ်ဝင်းတို့ ဦးဆောင်၍ မြို့နယ်ခန်းမတွင် ဇူလိုင် ၃ ရက်က ထုတ်ချေးပေးကြစဉ်။ (၃၇၀)

ရေနံချောင်းမြို့နယ် စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်

ရေနံချောင်း ဇူလိုင် ၁၀

မကွေးတိုင်း မကွေးခရိုင် ရေနံချောင်းမြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၃ ခုနှစ် သစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ဇူလိုင် ၅ရက်က ရေနံချောင်း ကောလိပ်ဝင်းအတွင်း တွင်းကုန်းရပ်ကွက် လမ်းဘေးဝဲ/ယာနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၄၃ အုပ်စုတွင် တစ်ပြိုင်တည်း ကျင်းပသည်။

အခမ်းအနားသို့ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမိုးဇော်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူနှင့်အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများက သစ်ဆိမ့်ပင် ၄၇၀၀ နှင့် အခြား အရိပ်ရပင် ၃၇၀၀၀ စုစုပေါင်း ၄၁၇၀၀ ကို စိုက်ပျိုးကြသည်။ ရေနံချောင်းမြို့နယ်အတွင်း ၂၀၀၃ ခုနှစ် မိုးရာသီတွင် သစ်ဆိမ့်ပင် ၁၅၃၀၀၀နှင့် အရိပ်ရပင် ၁၃၄၂၀၀၀၊ စုစုပေါင်း အပင်၁၄၉၅၀၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။ **(၅၀၄)**

စိုက်ပျိုးရေးကျောင်းသားများ တီကျစ်စာမြေဆွေးထုတ်လုပ်

သထုံ ဇူလိုင် ၁၄

စိုက်ပျိုးရေးသိပ္ပံ(သထုံ)မှ ကထိက ဒေါ်ခင်နှင်းရည် ဦးဆောင်သည့်နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူ၂၅ ဦးသည် ဇူလိုင် ၁၁ ရက်က သထုံမြို့ စိုက်ပျိုးရေးသိပ္ပံ ကျောင်းဝင်းအတွင်းတွင် အော်ဂဲနစ်စိုက်ပျိုးရေးလုပ်ငန်းအတွက် တီကောင်များမွေးမြူ၍ တီကျစ်စာမြေဆွေးများကို လက်တွေ့ ထုတ်လုပ်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ဟောပြော

တိုက်ကြီးမြို့နယ်သရက်ချောင်း(စံပြ)ကျေးရွာ၌ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၄ ရက်က ကျင်းပရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည် အေးက ပညာပေး ဟောပြောစဉ်။ (၅၂၆)

စာအုပ်လှူဒါန်း

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်း ကျေးရွာအုပ်စု ထားမလုံ့ရွာ ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၆၃ အုပ်ကို စာရေးဆရာမ ရွှေဘိုသီရိမာလာက ဇူလိုင် ၉ ရက်က ကျေးရွာရုံးခန်းတွင် ပေးအပ်လှူဒါန်းရာ ကျေးရွာကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့က လက်ခံရယူစဉ်။ (က-ပ)

သမဝါယမဝင်ငွေခွန် စုပေါင်းပေးအပ်

တံတားဦး ဇူလိုင် ၁၁

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝင်ငွေခွန် စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက်နံနက် ၉နာရီက ရွှေတြိဂံမော်တော်ယာဉ်အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းထွန်းနှင့် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးသန်းအေးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဂျီအီးစီ ပညာရေးသမဝါယမလီမိတက်မှ ဝင်ငွေခွန်များကို ဒါရိုက်တာ ဦးစိုးသန်းက ပေးအပ်ရာ မြို့နယ် အခွန်ဦးစီးမှူးက လက်ခံရယူသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ **(မြို့နယ်ပြန်/ဆက်)**

ကျောက်မဲအထက(၁) ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲ ဆက်သွယ်လှူဒါန်းနိုင်

ကျောက်မဲ ဇူလိုင် ၆

ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပရန် စီစဉ်ထားသည်။

ရွှေရတုသဘင် အခမ်းအနားနှင့်အတူ ရွှေရတု မဂ္ဂဇင်းထုတ်ဝေရန် စာမူများနှင့် ရှားပါးမှတ်တမ်းဓာတ်ပုံများပေးပို့ရန် ဖိတ်ကြားထားသည်။ ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဆရာ၊ ဆရာမကြီးများ တက်ရောက်နိုင်ရေးနှင့် အလှူငွေများ ထည့်ဝင်နိုင်ရန် ကျောင်းအုပ်ကြီး အထက(၁)ကျောက်မဲမြို့ ဖုန်း-၀၈၂-၄၀၄၈၁၊ ဦးအုန်းကြိုင်၊ ဦးကျော်မင်း ရန်ကုန်ဖုန်း-၀၁-၂၄၁၉၂၅၊ ၃၇၁၅၅၆၊ ဦးကြည်ရှင်(ဧရာဝတီပွဲရုံ) မန္တလေး ဖုန်း-၀၉-၆၉၇ ၁၃၇၃၊ ဦးရဲလွင် တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၃၃၃၅၊ ဦးသန်းညွန့် မူဆယ်မြို့ ဖုန်း-၀၈၂-၅၀၂၁၁၊ ၅၂၀၁၁နှင့် ဦးထွန်းထွန်းဦး လားရှိုးမြို့ ဖုန်း-၀၈၂-၂၃၂၂၅၃ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

တိုင်းရင်းသားပြည်သူတို့ အကျိုးစီးပွားကို ဖော်ဆောင်သည့် တည်ဆောက်ရေးလုပ်ငန်းများ

ဓာတ်ပုံမှတ်တမ်း
အောင်မိုး (ကြေးမုံ)
ခရမ်းစိုးမြင့်
ရေချမ်းမြင့်နှင့်
လှိုင်မိုး(ရွှေအင်းသား)

မိုင်းရှူးဆေးရုံ

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းရှူး ဒေသသည် ယခင်က တောတောင်များသာဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက်တွင် ပတ္တမြားမြေအဖြစ် ပေါ်ထွန်းလာပြီး ယခင်ကတောတောင်အတိဖြစ်သော မိုင်းရှူး တောင်ပေါ်တွင် တိုင်းရင်းသား ပြည်သူများအတွက် ဆေးရုံတစ်ရုံ တည်ဆောက်ထားသည်ကို ဤသို့တွေ့ခဲ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)

ချင်းတွင်းတံတား (မုံရွာ)

ချင်းတွင်းတံတား(မုံရွာ)ကို စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာ မြို့နယ်နှင့် ယင်းမာပင်မြို့နယ်အကြား မုံရွာ–ယာကြီး–ကလေးဝ ကားလမ်းသစ်၌ တည်ဆောက်ထားသည်။ ချင်းတွင်းတံတား (မုံရွာ)ကို ဖွင့်လှစ်လိုက်သည့်အတွက် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့်လည်း နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။*(ဓာတ်ပုံမှတ်တမ်း–လှိုင်မိုး၊ ရွှေအင်းသား)*

ရန်အောင်မြင် ရေလှောင်တမံ

နိုင်ငံတော်က တောင်သူလယ်သမားများအတွက် ဆည်မြောင်း၊ တာတမံ ရေထိန်းတံခါးများကို တည်ဆောက်ခဲ့ရာ မန္တလေးတိုင်း လယ်ဝေးမြို့နယ် ရန်အောင်မြင် ရေလှောင်တမံလည်း အပါအဝင်ဖြစ်သည်။(အဆိုပါ ရေလှောင်တမံမှ ရေသောက်ဧရိယာဧကေ ၃၀၀၀သို့ ရေပေးဝေလျက်ရှိသည်။)

(ဓာတ်ပုံမှတ်တမ်း–အောင်မိုး–ကြေးမုံ)



ကျော–ရေမျက်နီ ရထားလမ်းပိုင်း

ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းပိုင်းတွင် ရထားတစ်ဆက်တစ်စပ်တည်း ခုတ်မောင်းနိုင်ရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ကျော–ရေမျက်နီအပိုင်းကို ဖောက်လုပ်လျက်ရှိသည်။ ထိုအပိုင်းတွင် တံတားကြီးများ တည်ဆောက်ခြင်းကို မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိရာ ကျောဒေသ ပိတောက်အိုင်ဘက်တွင် တံတားတစ်စင်း တည်ဆောက်ရန် မြန်မာ့မီးရထား အင်ဂျင်နီယာအဖွဲ့က ကျောက်ထုပ်များ လောင်းနေသည်ကို ဇွန် ၁၇ ရက်က ဤသို့တွေ့ခဲ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)



တိုင်းရင်းသားပြည်သူတို့ ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ်သော လမ်းတံတားများ

သတင်းဆောင်းပါး – ဌေးကြည်
ဓာတ်ပုံမှတ်တမ်း – သတင်းစဉ်

ရန်ကုန် ဇူလိုင် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ခိုင်မြဲအောင်တည်ဆောက်ရင်း နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်း ဆောင်ရွက်လျက်ရှိပေသည်။

တိုင်းရင်းသား ပြည်သူတို့၏ နယ်မြေဒေသ ဖွံ့ဖြိုးရေးနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးသည် အရေးပါလျက်ရှိသည်။ လမ်းတံတားများသည် ဒေသတစ်ခုနှင့်တစ်ခုသို့လည်းကောင်း၊ တိုင်းရင်းသား ညီအစ်ကိုများအချင်းချင်း ဆီသို့လည်းကောင်း အလွယ်တကူ ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်နိုင်စေရန် ပေါင်းကူးပေးလျက်ရှိပေသည်။

လွန်ခဲ့သော ဇွန်လ ၁၇ ရက်ကလည်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ရှိ ဟိုပင်တံတားကို ဖွင့်လှစ်ပေးခဲ့ရာ ဟိုပင်မြို့ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်၌ သရက်ချောင်းကို ဖြတ်၍ တည်ဆောက်ထားသော တံတားဖြစ်ပေသည်။ တံတားအရှည်မှာ ပေ ၂၀၀ ရှိပြီး သံပေါင်ရက်မခံ ကွန်ကရစ်ပိုင်တိုင် သံပေါင်တံတား အမျိုးအစားဖြစ်သည်။ ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၇၅ ပေဖြစ်ပြီး အမြင့်မှာ ရှစ်ပေဖြစ်သည်။ တံတား၏ ယာဉ်သွားလမ်း အကျယ်မှာ ၂၆ ပေကျယ်ပြီး ယာဉ်အလေးချိန်တန် ၆၀ သွားလာနိုင်ရန် ခွင့်ပြုထားပေသည်။

ဟိုပင်တံတားသည် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်တွင် ပထမဦးဆုံး တည်ဆောက်ဖွင့်လှစ်နိုင်သော တံတားဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ကချင်ပြည်နယ်ကို အလွယ်တကူသွားလာနိုင်မည့် အရေးပါသည့်တံတား တစ်စင်းပင်ဖြစ်သည်။ ဟိုပင်တံတား တည်ဆောက်ပေးခြင်းဖြင့် ကချင်ပြည်နယ်၏ ကုန်စည်စီးဆင်းမှုသည် ပိုမိုကောင်းမွန်လာစေမည်ဖြစ်ပြီး တိုင်းရင်းသားအချင်းချင်းလည်း လွယ်ကူစွာကူးလူးဆက်ဆံနိုင်ကာ ပြည်ထောင်စုစိတ်ဓာတ်လည်း ပိုမိုထွန်းကားပြန့်ပွားလာမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၁၉၉၆ ခုနှစ် ဧပြီ ၁၄ ရက်က ဧရာဝတီတံတား(ချောက်)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစဉ် လမ်းတံတားများ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍–

လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးခြင်း၊ တိုးတက်မှုကွာဟခြင်းတို့ကို မဖြစ်စေလိုသည့်အတွက် လမ်း၊ တံတားများကို တည်ဆောက်နေရခြင်းဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားခဲ့ပေသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်တံတားကိုလည်း ကချင်ပြည်နယ်၏ တိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်ရန်အတွက် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းသို့ တည်ဆောက်ရာတွင် ယခု ဟိုပင်တံတားသည် ကိုးစင်းမြောက် တံတားဖြစ်သည်။ ယခင်က ကချင်ပြည်နယ်အတွင်း ပေ ၁၈၀ အထက် တံတားရှစ်စင်းကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုများနှင့်အညီ ပြည်နယ်နှင့်တိုင်းများကို ဆက်သွယ်ပေးသည့် လမ်းမကြီးပေါင်း ၈၀ ကိုလည်း ပြည်ထောင်စုလမ်းမကြီးများအဖြစ် တိုးချဲ့သတ်မှတ်ကာ လမ်းများကို တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိပေသည်။ ထိုသို့ လမ်းများကို တည်ဆောက်ပေးရာတွင် လမ်းများတစ်လျှောက် တည်ရှိနေကြသည့် မြစ်များ၊ ချောင်းများကိုဖြတ်၍ တံတားကြီး၊ တံတားငယ်ပေါင်း မြောက်မြားစွာကို တစ်ပါတည်း တည်ဆောက်ပေးလျက်ရှိပေသည်။

ယခုကဲ့သို့ လမ်းများနှင့် တံတားများကို တည်ဆောက်ပေးရခြင်းမှာ ပြည်ထောင်စုကြီး၏ အရှေ့ဖျားမှ အနောက်ဖျားသို့လည်းကောင်း၊ မြောက်ဖျားမှ တောင်ဖျားသို့လည်းကောင်း ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက် ဖြစ်စေ ဒေသတစ်ခုနှင့်တစ်ခုကို အလွယ်တကူနှင့် လျင်လျင် မြန်မြန်သွားလာနိုင်အောင် စီမံဆောင်ရွက်နေခြင်းပင် ဖြစ်သည်။

ရွှေဘို-မြစ်ကြီးနား ကားလမ်းဖောက်လုပ်ပြီးသည့်အခါ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ စေတနာနှင့် လမ်းညွှန်မှုအရ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းသာမက ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းကပါ သွားလာနိုင်အောင် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားကားလမ်းမကြီးကိုလည်း ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ဖြစ်ပေါ်အောင် ဆောင်ရွက်နိုင်ခြင်းသည် ကချင်ပြည်နယ်၌ တည်ငြိမ်အေးချမ်းမှုရရှိပြီး တရားဥပဒေ စိုးမိုးနေခြင်းကြောင့်ပင်ဖြစ်သည်။

နိုင်ငံတော်အတွင်း လမ်းနှင့်တံတားများ တည်ဆောက်မှု ရလဒ်ကောင်းများကြောင့်ပင် နိုင်ငံအဝန်း တိုင်းရင်းသားပြည်သူများသည် အေးချမ်းမှု၊ တည်ငြိမ်မှုအကျိုးများကို ခံစားနေရခြင်းပင်ဖြစ်ပေသည်။

နိုင်ငံတော်အတွင်း ယခုကဲ့သို့ လမ်းမကြီးများ၊ တံတားကြီးများ ပေါ်ထွန်းလာမှုနှင့်အတူ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ဆက်တစ်စပ်တည်း ရှိလာပြီဖြစ်ပေသည်။ ။

(ကြေးမုံ)

ဝါးခယ်မတံတား

၂၀၀၃ ခုနှစ် ဇန်နဝါရီ ၅ ရက်က ဖွင့်လှစ်ခဲ့သည့် ဝါးခယ်မမြစ် အရှေ့ဘက်ကမ်း ရွာလယ်ရပ်ကွက်နှင့် မြစ်အနောက်ဘက်ကမ်း ထော်ကနွတ်ရပ်ကွက်ကို ဆက်သွယ်၍ တည်ဆောက်ထားသော စုစုပေါင်းပေအရှည် ၃၀၂၀ ရှိ ဝါးခယ်မ သံမဏိကြိုးဆိုင်းတံတားကြီးကို ဝေဟင်မှ ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြစ်တွင်းသွား ရေယာဉ်များ လိုက်နာရန် အထူး ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၁၇

ယခု မိုးရာသီ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုများပြားပြီး တောင်ကျ၊ ချောင်းကျရေများကြောင့် ကုလားတန်၊ ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်းနှင့် သံလွင်မြစ်များတွင် မြစ်ရေစီးနှုန်းများ သိသိသာသာမြင့်မားနေ၍ မြစ်တွင်းသွား ရေယာဉ်များအနေဖြင့် အန္တရာယ်မဖြစ်စေရန် အထူးဂရုပြုမောင်းနှင်ကြရန် ဖြစ်သည်။ အထူးသဖြင့် နှစ်စီးတွဲတွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် မိမိစက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရန် ဖြစ်သည်။ ဝန်နှင့်အား မမျှတသည့် မနိုင်ဝန် သယ်ဆောင်ခုတ်မောင်းခြင်းမျိုး လုံးဝရှောင်ကြဉ်ရန် ဖြစ်သည်။

အန္တရာယ်ရှိသော မြစ်ကွေ့များ၊ မြင်ကွင်းမကောင်းသော ရေကြောင်းများ၊ ကျောက်ရေကြောင်းများနှင့် မြစ်ကူးတံတားကြီးများ ဖြတ်သန်းခုတ်မောင်းကြရာတွင် တစ်စီးချင်း၊ တစ်တွဲချင်း ဂရုတစိုက် ထိန်းသိမ်းမောင်းနှင်ကြရမည်ဖြစ်သည်။ မြစ်ကူးတံတားကြီးများ ဖြတ်သန်းရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းရန်နှင့် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူပြီး မိမိရေယာဉ်၏ စက်နှင့် တက်မထိန်းစနစ်ကို ကြိုတင်စစ်ဆေးလျက် အထူးဂရုပြုထိန်းသိမ်းမောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထပ်မံထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

စလင်းဘုန်းကျော်၏ မေတ္တာရိပ်နန်း ပန်းရောင်စုံကဗျာများ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၇

၂၀၀၁ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုပြိုင်ပွဲ(ကဗျာပြိုင်ပွဲ) ပထမဆုရ ကဗျာပုဒ်ရေ ၆၀ကို စုစည်းထားသည့် မေတ္တာရိပ်နန်း ပန်းရောင်စုံကဗျာများ စာအုပ်ကို ယနေ့ထုတ်ဝေဖြန့်ချိ လိုက်သည်။ အေးချမ်းသာယာ၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နေချိန်တွင် အမျိုးသားရေးလက္ခဏာတည်းဟူသော ဝတ်ရည်ဝတ်မှုန်တို့ဖြင့် ထုံသင်းမွှေးကြိုင်လှပနေသည့် မြန်မာကဗျာပန်းလက်ာ အသစ်အဦးတို့ကို စာဆို၏ ရင်မှပွင့်ဖူးစေခဲ့ပါသည်ဟုဆိုသော အဆိုပါ စာအုပ်ကို ဂူဖရီး စက္ကူ ဖြူချော၊ လှပသော မျက်နှာဖုံးပန်းချီ၊ အတွင်းသရုပ်ဖော် ပန်းချီဝေဝေဆာဆာ ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ရောင်းဈေးကျပ် ၅၀၀ဖြင့် တစ်ပြည်လုံးသို့

ဖြန့်ချိလိုက်သည်။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်နှင့် ရန်ကုန်၊ မန္တလေးစာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (က-ပ)

၂၀၀၃ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် အမှတ်(၁) စက်မှုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို၆၇မှတ်-၅၇မှတ်ဖြင့်နိုင်ပြီး SHADOW အသင်းက K.K.S အသင်းကို ၅၄မှတ်-၄၇မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသမီး ပတ်လည်ပြိုင်ပွဲတွင် စက်မှု(ကြွေ/မြေ) (က)အသင်းက ပြည်ထဲရေးအသင်းကို ၆၂မှတ်-၅၀မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသားအသက်(၁၈)နှစ် အောက်ပြိုင်ပွဲတွင်ဗဟိုလူငယ်အသင်းက ဗဟန်း(၂) အသင်းကို ၈၂မှတ်-၁၆မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲကို ဇူလိုင် ၁၈ရက် နံနက် ၉နာရီတွင် အမျိုးသားပြိုင်ပွဲအဖြစ် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့သည်လည်းကောင်း၊ ပြည်ထဲရေးအသင်းနှင့် စွမ်းစွမ်းအသင်းတို့သည်လည်းကောင်း၊ အမျိုးသမီး ပတ်လည်ပြိုင်ပွဲအဖြစ် ပြည်ထဲရေးအသင်းနှင့် လယ်ယာ/ဆည်မြောင်း အသင်းတို့သည်လည်းကောင်း၊ အသက်(၁၈)နှစ်အောက် အမျိုးသားပြိုင်ပွဲအဖြစ် L.S.K အသင်းနှင့် I.L.B.Cအသင်းတို့သည်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဟုသိရသည်။

(ကြေးမုံ)

ဇူလိုင် ၁၅ရက်က မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံ စားဖိုမှူးများအသင်းနှင့် Pyae Pyae General Services Co.,Ltd **တို့ ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ ပြင်ဆင်ချက်ပြုတ်ရေးကျွမ်းကျင်မှုသင်တန်းကို အမှတ်(၁၀၀၆) ယုဇနတာဝါ၊ ရွှေဂုံတိုင်၌ပြုလုပ်ရာ သင်တန်းသင်ကြားမှု ပြီးဆုံး၍ လက်တွေ့ချက်ပြုတ်နည်း ပြုလုပ်ရာတွင် တာဝန်ရှိသူများက ကြည့်ရှုကြစဉ်။** (ကြေးမုံ)

ကွန်ပျူတာ ဒီပလိုမာ သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၁၇

IT (Information Technology) ပညာရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ Informatics Computer Centre များတွင် ကွန်ပျူတာအခြေခံမှစ၍ အဆင့်မြင့် နိုင်ငံတကာဒီပလိုမာ သင်တန်းများကို Singapore Informatics Computer School ၏ Syllabusအတိုင်းဖွင့်လှစ်ပေးလျက်ရှိရာ ဩဂုတ်၆ရက်တွင် Informatics (Botataung)တွင် လည်းကောင်း၊ ဇူလိုင် ၂၇ရက်တွင် Informatics (Shwe Gon Dine)တွင် လည်းကောင်း၊ ဒီပလိုမာတန်းခွဲသစ်များ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိလိုပါက Informatics(Botataung) အမှတ်(၂၂၀/၂၂၂) ဗိုလ်တထောင်ဘုရားလမ်းဖုန်း-၂၀၀၃၄၃၊ ၂၀၃၁၈၈ နှင့် ၂၉၆၈၂၉ တို့သို့ လည်းကောင်း၊ Informatics (Shwe Gon Dine) အမှတ်-၇၀B၊ရွှေဂုံတိုင်လမ်း၊ ဗဟန်း ဖုန်း- ၅၅၈၃၆၀နှင့် ၇၀၆၇၄၀တို့သို့ လည်းကောင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

7 Day News ဂျာနယ် အတွဲ(၂)၊အမှတ်(၁၇)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၇

ယူအမ်အေ နိုင်ငံတကာလေကြောင်းလိုင်းသစ် စက်တင်ဘာလမှစ၍ နိုင်ငံတကာခရီးစဉ်များ ပျံသန်းမည်၊ လိုင်းကားများပေါ်မှ အမှိုက်ပစ်ချပါက အရေးယူမည်၊ ရန်ကုန်မြို့ပြည်လမ်း အချက်အချာကျသော နေရာတွင် ဝတ်ရည်၂၅ထပ် ခေတ်မီကွန်ဒိုမီနီယံကြီး ဆောက်လုပ်ပြီစသည့် ပြည်တွင်းသတင်းထူးသတင်းဦးများဖြင့် 7 Day News ဂျာနယ်အတွဲ(၂)၊ အမှတ်(၁၇) ထွက်ရှိလာပြီဖြစ်သည်။**(အပေါ်ပုံ)**

ထို့အပြင် ၁၉နှစ်ကြာမေ့မြောနေသူ စကားပြန်ပြောပြီ၊ လူအဆမတန်တင်သော ဘင်္ဂလားဒေ့ရှ်သုံးထပ်ကူးတို့သင်္ဘောနစ်မြုပ်၊ ခရီးသည်အများစု အိပ်ချိန်ဖြစ်၍ အသေအပျောက်များ၊ အိမ်သာကိုကြယ်ငါးပွင့်အဆင့်စင်ကာပူချီးမြှင့် စသည့် နိုင်ငံတကာမျက်မှောက်သတင်းထူးသတင်းဦးများ၊ကျန်းမာရေး၊ စီးပွားရေး၊ အားကစား သတင်းဆောင်းပါး များ ဝေဝေဆာဆာဖြင့် e-Empire Media House ဖုန်း-၇၀၃၈၁၃က ဖြန့်ချိထားကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကစင်ကျေးရွာ၏ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇွန် ၃၀ရက်က ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးပေါချိန်က နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဒ/၉၅၄၇ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်၃၀အတွင်း ကညန ဦးစီးဌာန အနောက်ပိုင်းခရိုင်ရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(အနောက်ပိုင်း)။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁ပီ)၊ မြေကွက်အမှတ်(၁၁၇)၊ဧရိယာ(သုည ဒသမ ဝ၂၄)ဧကရှိ နှစ်(၉၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊သုံးမြောင့်လမ်း၊ အမှတ် (၂၄)ဟု ခေါ်တွင်သော အဆောက်အအုံ အပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးတင်အေး စီဒီ/၀၅၂၇၉၀ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦး က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် LL.B,Diploma in Business Law

ဒေါ်အေးအေးစိုး B.Sc. Hons (I.C)H.G.P,RL.

တရားရုံးချုပ်ရှေ့နေများ

အမှတ်-၂၇/က၊၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။

ဖုန်း-၀၉-၅၀၁-၇၀၄၄၊ဖုန်း-၂၉၄၈၆၆။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ အထွေထွေမန်နေဂျာ (Marketing)	ကျား/မ (၁)ဦး
၂။ အထွေထွေမန်နေဂျာ (အုပ်ချုပ်ရေး၊ လူမှုဆက်ဆံရေး)	ကျား/မ (၁)ဦး
၃။ အထွေထွေမန်နေဂျာ (ဟိုတယ်နှင့်ခရီးသွားလာရေး)	ကျား/မ (၁)ဦး
၄။ Front Office & House Keeping Manager	ကျား/မ (၁)ဦး
၅။ Finance Manager	ကျား/မ (၁)ဦး
၆။ Store Keeper	ကျား/မ (၁)ဦး

အမှတ်စဉ်(၁) ရာထူးအတွက် ဘွဲ့ရ၊ MBA ဘွဲ့ရသူ၊ ဈေးကွက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးရွေးချယ်မည်။အမှတ်စဉ်(၂)ရာထူးအတွက် ဘွဲ့ရ၊ လုပ်ငန်းများကိုကျွမ်းကျင်ပိုင်နိုင်စွာ စီမံခန့်ခွဲနိုင်ပြီးဆက်ဆံရေးပြေပြစ်သူ ဖြစ်ရမည်။အမှတ်စဉ်(၃)နှင့် (၄)ရာထူးတို့အတွက် ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ အမှတ်စဉ်(၅)ရာထူးအတွက် B.Com (C.P.A), B.Com. B.Econ. LCCI Level II, III အောင်မြင်ပြီးသူဖြစ်ရမည်။ အမှတ်စဉ်(၆)ရာထူးအတွက် ဘွဲ့ရ၊ စတိုလုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိသူဖြစ်ရမည်။

ရာထူး(၁)(၂)(၃)အတွက် အသက်(၄၀)နှစ်မှ (၅၀)အတွင်းရှိသူဖြစ်ရမည်။ ရာထူး(၄)(၅)(၆)အတွက် အသက်(၃၅)မှ(၄၀)အတွင်းရှိသူများဖြစ်ရမည်။ စားသောက်ကုန်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ ရုပ်ရှင်ရုံလုပ်ငန်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူသည် တစ်လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

A.H.K Product Co.,Ltd.အမှတ်(၂၀၄)၊ မမ္ဗသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၇၀၁၅၆၈၊ ၅၃၈၀၉၆၊ ၅၃၈၁၉၁။ Aye Yar Hotel (Yangon) အမှတ်(၁၇၀/၁၇၆)၊ ဗိုလ်အောင်ကျော်လမ်း၊ဖုန်း-၂၅၆၉၃၉။A.H.K Product Co., Ltd.အမှတ်(ကက-၁/၂)သိပ္ပံလမ်းနှင့်(၅၉)လမ်းထောင့်၊ ကန်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့.ဖုန်း-၀၂-၈၀၇၈၆။ မစိုးရိမ်ရုပ်ရှင်ရုံ၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၀၂၉၅။

ချော့တိုင်းလည်း မပျော့နဲ့

LG
digital
Grand Opening
LG Digital Plaza
Amazing Sale
16th July to 15th September
A Better Life with Digital
Premium Gift
Premium Gift
Premium Gift
Premium Gift
Premium Gift
&
Free Installation
Digitally yours
No.123(GF), Sule Pagoda Rd
Yangon.
TMW Enterprise Limited
LG Service Centre open at - 92, Kabar Aye Pagoda Road, Bahan Township, Yangon, Myanmar. Tel:951 546002-7 Fax: 546001

မွေးနေ့ဆုမွန်

ချစ်သမီးလေး **ခင်ငုရည်ဖြိုး(ထွေးငယ်)**၏ ၁၈-၇-၂၀၀၃ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာချမ်းသာပြီး၊ အောင်မြင်ပြည့်စုံမှုများစွာကို ရယူပိုင်ဆိုင်၍ အေးချမ်းသာယာသော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ---။

ချစ်ခြင်းများစွာဖြင့်- ဖေဖေ၊ မေမေ၊ ကိုကိုကြီး၊ မမအေး
ကိုကိုလေး၊ မမမိုး၊ ကိုကိုငယ်လေး၊
တူလေး-ကောင်းကောင်း၊ တူမလေးများ-သုသု၊ ပိုပို။

မွေးနေ့ဆုတောင်း

ဗိုလ်အောင်ကျော်ထွန်း [M.B.B.S, 1st Year M.Sc (Surgery)]၏ ၁၈-၇-၂၀၀၃ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း ရာကျော်ထိ ကိုယ်၊ စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် တိုင်းပြည် အကျိုး၊ သာသနာ့အကျိုး ဆောင်ရွက်နိုင်ပါစေ---။

ချစ်သောဖေဖေ- ဦးပါ-မေမေ ဒေါ်ခင်ညွန့်မြိုင်
ကိုကြီး - Dr.နိုင်ဝင်း (M.B.B.S)(MD. ကျော်ဖေယျာကုမ္ပဏီ)
မကြီး - ဒေါ်သီတာလွင်(လက်ထောက်ကထိက၊ ရူပဗေဒဌာန)-
ဗိုလ်မှူးအောင်ကျော်စိုး
မလေး -Dr.ခင်ညိုမီလွင် (M.B.B.S)-ဗိုလ်ကြီးကျော်ကျော်ထွန်း
တူမလေး -ချစ်စုစုလွင်၊ မေမြတ်ဆုပြည့်။

ဟသ်ာတအသင်း

သံဃဒါနဆွမ်းလောင်းလှူပွဲ ပါဝင်ဆင်နွှဲကြပါစို့

ဟသ်ာတအသင်း၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းလောင်းလှူပွဲအတွက် ဒါနပါရမီရှင်များထံ အကျိုးတော်ဆောင်များ အလှူခံလာရောက်ကြမည်ဖြစ်ပါသည်။

မိုးသံဃဒါန ဆွမ်းလောင်းလှူရန်အတွက် ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့မှထွက်ခွာပြီး ဟသ်ာတမြို့တွင် ငါးရက်တိုင်တိုင် ဆွမ်းလောင်းလှူလျက် စက်တင်ဘာလ ၄ ရက်နေ့တွင် ဟသ်ာတမြို့မှ ပြန်လည်ထွက်ခွာလာပါမည်။

လိုက်ပါလှူဒါန်းလိုသော အသင်းသူ၊ အသင်းသားများ၊ ဟသ်ာတသားများနှင့် မိသားစုများ အောက်ဖော်ပြပါပုဂ္ဂိုလ်များသို့ အချိန်မီဆက်သွယ်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄ ဦးသန်းဦး ဖုန်း-၂၉၄၄၉၈၊ ၂၅၃၁၁၀
ဦးလှကြည် ဖုန်း-၅၃၄၅၄၈ ဒေါ်ညွန့်ညွန့် ဖုန်း-၂၄၅၃၉၅။ အမှုဆောင်အဖွဲ့။

သမီးလေးလှယဉ်ကျေး(ခ)ဝါဆိုအတွက် မွေးနေ့ဆုမွန်

၁၈-၇-၂၀၀၃နေ့တွင်ကျရောက်သော (၂)နှစ်မြောက် မွေးနေ့မှစ၍ နောင်နှစ်ပေါင်းရာကျော်တိုင်အောင် စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ချမ်းသာခြင်းတို့နှင့် ပြီးပြည့်စုံ၍ အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံအကျိုးကို သယ်ပိုးနိုင်သော ထူးချွန်ထက်မြက်သည့် သမီးကောင်းရတနာလေးဖြစ်ပါစေ---။

ဖေဖေ- ဒေါက်တာ တိုးတိုးအောင်(အဖွဲ့ခေါင်းဆောင်၊ အာဟာရလေ့ကျင့်ကွပ်ကဲရေး အဖွဲ့၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့)
မေမေ- ခင်လေးသိင်္ဂါ။

ဆေးပေါင်းရုံသုံးလောင်စာအဝယ်တင်ဒါ(၁/၂၀၀၃)

မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံ မန္တလေး၊ မြင်းခြံ၊ ရေဦး၊ ပခုက္ကူ၊ ရေစကြိုနှင့် ပေါက်ဒေသများရှိ ဆေးပေါင်းစခန်းများအတွက် လိုအပ်သောထင်းများအား ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများသည် ၂၅-၇-၂၀၀၃နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ချိပ်ပိတ်ဈေးနှုန်းလွှာများပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူရေးအဖွဲ့
ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံ
ဖုန်း-၀၂-၇၀၅၆၇။

Management & Accountancy Training Ltd.
No.165 Shwebontha Street. Pabedan Tsp.
M A T Quality & Success

ACCA 1.1,1.2 & CAT Level A,B (CBE) Courses

Last Chance for CAT - B3 Old Syllabus

Commencing date: 31.08.2003(Sunday)

Hotline: 242431,241713. E.mail : Drtinlatt@mat.com.mm



ကိုတိုးမြင့်ဦး 3/E Pil S'pore အတွက်

မွေးနေ့ဆုတောင်း

ချစ်ခင်ပွန်းကိုတိုး---

မိဘကျေးဇူးကို နားလည်သိတတ်သောကုသိုလ်၊ ဇနီးနှင့်သားသမီးများအပေါ်တွင် ဝတ္တရားများကျေပွန်ရသော စေတနာအကျိုးများကြောင့် ၁၈-၇-၂၀၀၃နေ့တွင် ကျရောက်သော မွေးနေ့မှစ၍ ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာခြင်းများဖြင့်ပြည့်စုံပြီးဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးနိုင်ပါစေ၊ ကိုတိုးအလိုချင်ဆုံးဆန္ဒဖြစ်သည့် မိသားစုနှင့်အတူတကွ မခွဲမခွာနေထိုင်ရသော အခြေအနေမျိုးသို့လည်း အမြန်ဆုံးရောက်ရှိနိုင်ပါစေလို့ ဆုမွန်ကောင်းများပေးပို့လျက်---။

ချစ်ဇနီး-မိခိုင်(ခ)ညွန့်ညွန့်ကြည်
သမီးကြီး-ဇင်သော်သော်ဦး(တာပိုး) V အထက(၂)၊ ဗဟန်း
သားငယ်-သော်ထက်ဦး Pre II ILBC.

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အမှတ်(၉၀)၊ ကံဘဲ့လမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့

Ph;-(951)578470,565142,Fax;(951) 578472

E.mail-mpe.myr@mptmail. net. mm,www.myanmarpearl.com

ရက်စွဲ၊ ၂၀၀၃ခုနှစ် ဇူလိုင်လ(၇)ရက်

ပြည်တွင်းပုလဲရောင်းချပွဲနှင့်ပုလဲလက်ဝတ်ရတနာဒီဇိုင်းပြိုင်ပွဲ

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများကို ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် အောက်ပါအစီအစဉ်အတိုင်း ချိပ်ပိတ်တင်ဒါစနစ်/ဈေးပြိုင်စနစ်များဖြင့် ရောင်းချမည့်အပြင် ပုလဲလက်ဝတ်ရတနာ ဒီဇိုင်းပြိုင်ပွဲကိုပါ တစ်ပြိုင်တည်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပုလဲဝယ်ယူလိုသူများ၊ ပုလဲလက်ဝတ်ရတနာဒီဇိုင်း ဝင်ရောက်ယှဉ်ပြိုင်လိုသူများနှင့် စိတ်ပါဝင်စားသူများ လာရောက်ဝယ်ယူယှဉ်ပြိုင်ကြည့်ရှုနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

(က)	**ပုလဲများကြည့်ရှုစစ်ဆေးခြင်း ဈေးပြိုင်တင်ဒါများပေးသွင်းခြင်းနှင့် ပြိုင်ပွဲဝင်ပုလဲလက်ဝတ်ရတနာများပြသခြင်း**	- ၂၆-၇-၂၀၀၃ မှ ၂၇-၇-၂၀၀၃ထိ (၁၀:၀၀)မှ (၁၆:၀၀)နာရီထိ
(ခ)	**တင်ဒါများဖွင့်ဖောက်ခြင်းနှင့် ဈေးပြိုင်ရောင်းချခြင်း**	- ၂၈-၇-၂၀၀၃ (တနင်္လာနေ့) နံနက် (၁၀:၀၀)နာရီ
(ဂ)	**ပုလဲရောင်းချပွဲနှင့်ပုလဲလက်ဝတ်ရတနာ ပြိုင်ပွဲကျင်းပမည့်နေရာ**	-သီရိရတနာခန်းမ၊သတ္တုတွင်းဝန်ကြီးဌာန၊အမှတ်(၉၀)ကံဘဲ့၊ရန်ကင်း၊ရန်ကုန်မြို့။
(ဃ)	**အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်**	-၅၇၁၀၃၈၊ ၅၇၈၄၇၀၊ ၅၆၄၇၄၆

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြို့တော်ခန်းမ၊ ရန်ကုန်မြို့

(၂၀၀၃ခုနှစ် ဇူလိုင်လ ၉ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနတွင်(လစာနှုန်းကျပ် ၅၄၀၀-၁၀၀-၅၉၀၀)ရရှိသော ဒု-တိရစ္ဆာန် ဆေးကုမှူးရာထူးနေရာများ လစ်လပ်လျက်ရှိသဖြင့် လျှောက်ထားလိုသူများ လျှောက်လွှာတင်သွင်းနိုင်ကြပါသည်။

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၀၃ခုနှစ်ဇွန်လ၃၀ရက်နေ့တွင် အသက်(၃၅)နှစ်(ဝန်ထမ်းဖြစ်ပါက ၄၀နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) တိရစ္ဆာန်ဆေးပညာဘွဲ့(သို့မဟုတ်) တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။

၃။ လျှောက်လွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန(ဝန်ထမ်းရေးရာဌာနခွဲ)တွင် ၁၀-၈-၂၀၀၃ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာများကို သက်ဆိုင်ရာဌာနမှတစ်ဆင့်ပေးပို့၍ မိတ္တူတစ်စောင်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနသို့ ၁၀-၈-၂၀၀၃ရက်နေ့ နောက်ဆုံးထားပြီး တိုက်ရိုက်ပေးပို့ရပါမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများပူးတွဲတင်ပြရမည်။

(က) လိုင်စင်အရွယ်ဓာတ်ပုံ(၂)ပုံ၊ တစ်ပုံကို လျှောက်လွှာတွင်ကပ်၍ ကျန်တစ်ပုံကို နောက်ကျောတွင် အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်ရေးကာ လျှောက်လွှာတွင်ပူးတွဲထားရန်။

(ခ) အမှတ်စာရင်းမိတ္တူနှင့်အောင်လက်မှတ်မိတ္တူ။

(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ။

(ဃ)ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်းနှင့် မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလခပုံစံ(၂)မိတ္တူတစ်စောင်တို့ကိုပူးတွဲတင်ပြရမည်။

(င)လူတွေ့စစ်ဆေးခံရမည့်သူများ၏ အမည်စာရင်းနှင့် လူတွေ့စစ်ဆေးမည့်နေ့ရက်ကို စီမံရေးရာဌာန၌ ၂၅-၈-၂၀၀၃နေ့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန(ဝန်ထမ်းရေးရာဌာနခွဲ)တွင် ရုံးချိန်အတွင်း (ဖုန်း-၃၇၈၀၉၄၊ ၂၈၂၁၄၉)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **ဌာနမှူး(စီမံရေးရာဌာန)။**

အမည်ပြောင်းခြင်း

ဦးမြခိုင်၏သမီး အထက (လှည်းကူး)၊ ဒသမတန်း(J)မှ မဖြိုးသီဂီအားယနေ့မှစ၍ မဟန်ဆုလဒ်ဟု ပြောင်းလဲခေါ်ပါရန်။

မဟန်ဆုလဒ်။

အမည်ပြောင်းခေါ်ပါရန်

ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သရဖီလမ်းနေ မောင်အောင်ပြည့်ဖြိုး (ဘ) ဦးလွှမ်းထွဋ်ဦး၏ သားအားယနေ့မှစ၍မောင်အောင်အောင်မိုးထွဋ်စံဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်အောင်မိုးထွဋ်စံ။

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

ဥရောပ-အာရှကော်မာရှယ်ကုမ္ပဏီလီမိတက် အောက်မြန်မာပြည်ရုံး(ရန်ကုန်)တွင်ခန့်ထားရန် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသော **"HR မန်နေဂျာ"** (ကျား)တစ်ဦး အလိုရှိပါသည်။

- **လိုအပ်သည့်အရည်အချင်း**

(၁) ဘွဲ့တစ်ခုခုရရှိပြီးဖြစ်ရမည်။

(၂) အသက်(၄၀)နှစ်မှ (၅၀)နှစ်အတွင်းဖြစ်ပြီး စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူ ဖြစ်ရမည်။

(၃) အင်္ဂလိပ်စာရေးသားပြောဆိုမှု အခြေခံရှိရမည်။

လျှောက်ထားသူသည် ပညာအရည်အချင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ၂၅-၇-၂၀၀၃နေ့နောက်ဆုံးထားပြီး အောက်ပါလိပ်စာတွင် ပုံစံဖြည့်စွက်၍ လျှောက်ထားနိုင်ပါသည်။

ဥရောပ-အာရှကော်မာရှယ်ကုမ္ပဏီလီမိတက်(ရန်ကုန်)
တိုက်အမှတ်(၃၁၀)၊ အခန်း(၆၀၁/၆၀၃)၊ ဝင်းရွှေဝါအိမ်ရာ၊
ဝါးတန်းလမ်းနှင့် ကျုံးကြီးလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၂၁၀၁၂၉၊ ၂၁၀၉၃၆။

အမည်ပြောင်းခြင်း

ဦးအောင်ကြိုင်၏သမီးနှင့်သားများဖြစ်ကြသော အထက(၁)ဒဂုံ၊ ဒသမတန်း(F)မှ မနီလာစန်းအား မထက်ရည်မွန်လင်းဟုလည်းကောင်း၊ ပဥ္စမတန်း(G)မှမောင်ခိုင်ညီဦးအား မောင်ခန့်ကျော်စွာဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

သင်၏
စလောင်းအတွက်လိုင်းသစ်ထည့်ခြင်း၊ ပြုပြင်ခြင်းနှင့်လိုအပ်သမျှ စိတ်တိုင်းကျစေရမည်။
(လိုင်းအသစ် စာအုပ်ရပြီ)
ZN GROUP
Tel: 727548

အလုပ်ရုံငှားမည်

ကြို့ကုန်း၊ အင်းစိန်
မြေ ၇၀' X ၁၂၀'၊ ရုံ ၆၀' X ၁၀၀'
မီး- ပါဝါ မြင်းကောင်ရေ ၆၀
ရေ- ဂျိုးဖြူ+ အဝီစိ၊ တယ်လီဖုန်း
ဖုန်း-၇၀၇၅၀၇။

ရွှေခြသေ့်အဆင့်မြင့်စိုက်ပျိုးရေးစွမ်းအားစု ကုမ္ပဏီလီမိတက်သို့ သက်ဆိုင်သူများမှ ငွေပေးသွင်းရန် ထပ်မံအကြောင်းကြားခြင်း

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊စက်မှုဇုန်(၂)၊ကနောင်မင်းသားကြီးလမ်း၊ အမှတ်(၂၄၂)တွင် အခြေစိုက်ဖွင့်လှစ်ထားသည့် ကျွန်ုပ်တို့၏ အမှုသည် ရွှေခြသေ့်အဆင့်မြင့်စိုက်ပျိုးရေးစွမ်းအားစု ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သည့် ရွှေခြသေ့်ကွန်ပေါင်းဓာတ်မြေသြဇာများကို ဖြန့်ဖြူးရောင်းချရန် ရယူခဲ့ပြီး အဆိုပါကုမ္ပဏီသို့ ပေးသွင်းရန်ရှိသည့် ကုန်ဖိုးကျသင့်ငွေများအတွက် အကြောင်းကြားစာများကို သီးခြားပေးပို့တောင်းခံခဲ့သော်လည်း အပြေအကျေ မပေးသွင်းခြင်း၊ လုံးဝမပေးသွင်းခြင်းများရှိနေပါ၍ အောက်အမည်ပါသူတို့သည် ပူးတွဲပါငွေကြေးများကို သတင်းစာတွင် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၀)ရက်အတွင်း အပြေအကျေပေးသွင်းရန်နှင့် ပျက်ကွက်ပါက ယခင်ကသဘောတူညီထားသည့် အကျိုးခံစားခွင့်များ ခံစားခွင့်မရှိခြင်းနှင့် ထပ်မံအသိပေးခြင်းများကိုမပြုလုပ်တော့ဘဲ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

(၁) ဦးမြင့်ဦး	[၁၃/ကလန(နိုင်)၀၂၄၃၃၄]	(အောင်ပန်းမြို့)	ကျပ် ၂၉၈၅၀၀၀
(၂) ဒေါ်ခင်နွဲ့ယဉ်	[၁၂/လမန(နိုင်)၀၃၀၈၅၉]	(ပျော်ဘွယ်မြို့)	ကျပ် ၁၉၁၁၀၀၀
(၃) ဗိုလ်မှူးကျော်ရင်(ငြိမ်း)	(MMO-၂၁၈၀၃၂)	(အလုံမြို့နယ်)	ကျပ် ၇၇၆၄၅၀၀
(၄) ဒေါ်တင်တင်ဦး	(WKA-၁၉၂၉၇၅)	(ဝါးခယ်မမြို့)	ကျပ် ၃၂၄၀၇၅

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်မြင့်	**ဦးချစ်သိန်း**	**ဒေါ်အေးအေးသန့်**
တရားရုံးချုပ်ရှေ့နေ(၂၁၃၃)	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
B.A;H.G.P;R.L	**B.A;H.G.P;R.L**	**°LL.B**

တိုက်အမှတ်-၅၅၊ အခန်းအမှတ်(၂၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀-၀၇၁၂၁၊ ၀၁-၂၉၃၂၀၈၊ ၃၇၄၈၁၀။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၀၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၆

ကွယ်လွန်သူ ဦးသန်းလွင်စုဆောင်းကျန်ရစ်သည့် ဘဏ်စုဆောင်းငွေများအကြောင်း။

ဦးလှငြိမ်း--- လျှောက်ထားသူ

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၅)လမ်း၊ အမှတ်(၄၉၄)နေ ဦးလှငြိမ်းက ကွယ်လွန်သူ ဦးသန်းလွင်၏ဖခင်ဖြစ်သည်ဟူ၍ အထက်ဖော်ပြပါလိပ်စာ၌အတူနေ ၎င်းကွယ်လွန်သူ ဦးသန်းလွင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးသန်းလွင်မှာကျန်ရစ်သောပစ္စည်းများအပေါ်၌ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၃ခုနှစ် ဩဂုတ်လ ၁ရက် (၁၃၆၅ခုနှစ် ဝါခေါင်လဆန်း ၄ရက်)နေ့ နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးသန်းလွင်၏ လျှောက်ထားချက်ကို နားကြား၍ လက်မှတ်ရသင့်၊ မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၃ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်တင်မြ(တ/၁၅၇၅)
ဒုတိယခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ဆူးလေစင်တာဖိုင့်ဖက်ရှင်

အမှတ်(204/208) ... ☎ 252804, 283359

ESSENCE အမျိုးအစားနာရီအစစ်များနှင့်ပတ်သက်၍ ဝယ်ယူလိုသူများသို့ အသိပေးခြင်း

Es. W.C ကုမ္ပဏီသည် ESSENCE အမှတ်တံဆိပ်ဖြင့် နာရီများကို နိုင်ငံပေါင်း ၆၀ ကျော်တွင် အရောင်းကိုယ်စားလှယ်များထားရှိကာ တရားဝင်ဖြန့်ချိလျက်ရှိပြီး မြန်မာနိုင်ငံအတွက် NAING FAMILY Co., LTD မှာ တစ်ခုအပါ အဝင်ဖြစ်ပါသည်။ ၎င်း ESSENCE နာရီများ၏ စက်ပိုင်းဆိုင်ရာတွင် SWISS PARTS ဖြင့် ပြုလုပ်ထားသည်ဖြစ်၍ နာရီနောက်ပိတ်နှင့် နာရီဒိုင်ခွက်များတွင် SWISS QUARTZ ဟု ရိုက်နှိပ်ဖော်ပြထားပါသည်။

၎င်းနာရီအမျိုးမျိုးနှင့်နာရီအပိုပစ္စည်းများကို Naing Family Co., Ltd မှ မှာယူတင်သွင်းကာ ချယ်ရီဦးနာရီရောင်းစင်တာများမှ မြန်မာတပြည်လုံးတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။ ၎င်းနာရီများ ဝယ်ယူသူများအတွက် INTERNATIONAL GUARANTEE ပါရှိမည်ဖြစ်ပြီး ၎င်း GURANTEE တွင်လည်း မြန်မာပြည်၏ တစ်ဦးတည်းသော အရောင်းကိုယ်စားလှယ် NAING FAMILY CO., LTD ပါမှသာလျှင် အစစ်အမှန်ဖြစ်ပါသည်။

ယခုအခါတွင် ESSENCE နာရီများကို ဈေးကွက်တွင်ဝယ်ယူသူများ နှစ်သက်၍ အားပေးလာကြသဖြင့် မသမာသောနည်းဖြင့် အတုအပများပြုလုပ် တင်သွင်းလာသည်ကို တွေ့ရှိရပါသည်။ ၎င်းနာရီများ၏ အစစ်နှင့်အတုကိုလည်း မည်သည့် ချယ်ရီဦး အရောင်းစင်တာတွင်မဆို ခွဲခြားပေးနိုင်ပါသည်။ နာရီအတုများ တင်သွင်းပြီး ရောင်းချလျက်ရှိသည်အပေါ် ဥပဒေအရ ထိရောက်စွာ အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အသိပေးအပ်ပါသည်။

ချယ်ရီဦးနာရီအရောင်းပြခန်း။

ကားရောင်းမည်

TE, PE တာဘို

၁၄တန် နီဆန်းအောက်ပိုင်း။

ဖုန်း–၆၄၁၈၇၇။

Yan Aung

ကားမျိုးစုံငှားရမ်းနိုင်ပါသည်။ (၂၄-နာရီ)

သဘော်သားရှုဆေး

သွားကိုက်၊ ကြွက်နို့၊ ခါးနာ၊ နှင်းခူ၊ အသားမာ၊ ယားနာ၊ ဂရင်ဂျီနာ၊ မျက်စိနာ ပျောက်သည်။

ဖြန့်ချိရေး – ကိုဝင်းမြင့်၊ ၁၅လမ်း၊ ရန်ကုန်မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း

ဝယ်ယူရရှိနိုင်သောနေရာများ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအရောင်းဆိုင်များ

(၁) ရတနာ့အိမ်ရာအရောင်းဆိုင်၊ (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၆၆၄၇၀၄

(၂) မြေပဒေသာအရောင်းဆိုင်၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း ၀၁-၅၄၄၄၆၀၈

(၃) ကော်ဖီစက်ရုံအရောင်းဆိုင်၊ ပြင်ဦးလွင်။ ဖုန်း ၀၈၅-၂၂၁၃၅၊ ၀၈၅-၂၂၀၉၁၊ ၀၈၅-၂၁၅၈၉

(၄) ပျိုးခင်းဈေးပွဲတော်အရောင်းဆိုင်၊ မြေပဒေသာကျွန်း၊ ရန်ကုန်။ ဖုန်း ၀၁-၅၄၄၄၇၆၇

(၅) ဒေသတာဝန်ခံရုံး၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ မန္တလေး။ ဖုန်း ၀၂-၈၀၁၇၂၊ ၀၂-၃၈၀၂၅

(၆) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအရောင်းဆိုင်၊ ရန်ကင်း၊ ရန်ကုန်။

(၇) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအရောင်းဆိုင်၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၂၇၂၂၀၅

(၈) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အရောင်းဆိုင်၊ ကုန်သည်လမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၂၈၀၅၅၆

(၉) ကြေးတိုင်နှင့် မြေစာရင်းအရောင်းဆိုင်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၂၉၅၃၀၅

ဆက်သွယ်ရန်

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း

၉ - မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

ဖုန်း-၆၆၅၀၅၉၊ ၆၆၃၇၄၂

စိန်မြား

ခန်းဆီးနှင့်လိုက်ကာ
၁၃၉၊ ဗားကရာလမ်း၊
စမ်းချောင်း။
ဖုန်း-၅၃၉၉၉၈။

ရောင်းမည်

အိမ်စီးကားသန့် Hilux-Surf ဒီဇယ်တာဘို ၆က--။
ဖုန်း-၀၉-၅၀၀၇၆၃၈။

ရှယ်(1)

TV-VIDEO

Ph-203523

သပြေညို - ဆုံဆီ

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

May Development Co., Ltd. မှ နိုင်ငံတကာအဆင့်မီ စက်ဆီ/ချောဆီများကို ရောင်းချဖြန့်ဖြူးရန် ယင်းလုပ်ငန်းများတွင် အတွေ့အကြုံရှိသည့် အောက်ပါအချက်အလက်များနှင့် ပြည့်စုံသော Sale Executive ကျား/မ(၂)ဦး အလိုရှိသည်။

ပညာအရည်အချင်း - A.G.T.I (စက်မှု) ဖြင့် အောင်မြင်ပြီးဖြစ်ရမည်။

လုပ်ငန်းအတွေ့အကြုံ - စက်ဆီ/ချောဆီများ ရောင်းချဖြန့်ဖြူးရေး လုပ်ငန်းအတွေ့အကြုံရှိရမည်။

အသက်ကန့်သတ်ချက် - အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။ (အတွေ့အကြုံရှိသူကို အသက်လျှော့ပေါ့စဉ်းစားမည်။) နေရာဒေသမရွေး သွားရောက်နိုင်သူဖြစ်ရမည်။

လျှောက်ထားသူ၏ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ ကြော်ငြာထည့်သည့်နေ့မှတစ်လအတွင်း စာတိုက်သေတ္တာနံပါတ်-၁၀၀၂ (သို့မဟုတ်) **May Development Co., Ltd.** (အမှတ် ၁၅၉၊ မြင်းဝန်ဦးအောင်သူလမ်း၊ စက်မှုဇုန်-၂၊ လှိုင်သာယာ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်) အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ (အမည်)	လျှောက်ထားသူ (မှတ်ပုံတင်)	လျှောက်ထားသူ [illegible]	လျှောက်ထားသည့် [illegible]	[illegible]	[illegible]	[illegible]	လျှောက်ထားသည့်အကြောင်း
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး ဦးညွန့်တင်(ခ)ဦးထွေးမောင် အသက်(၇၂)နှစ် (ပဲခူး)

ပဲခူးမြို့နယ်၊အထက်စည်တီး အနောက်ရွာနေ (ဦးလှဖေ-ဒေါ်အေးစိန်) တို့၏သား၊ ဒေါ်အေးချို၏ခင်ပွန်း၊ ပဲခူးမြို့၊ ကျိုက်ပွန် ဇေတဝန်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ တောင်ပုလုတရားရိပ်သာ ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇဆရာတော် ဘဒ္ဒန္တ ကေ္ခမစက္က၏ အစ်ကိုကြီး၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)နေ ဦးကောက်-(ဒေါ်အုန်းစိန်)တို့၏တူ၊ အထက်စည်တီး အနောက်ရွာနေ(ဦးဝမ်-ဒေါ်သန်းချစ်)တို့၏အစ်ကိုကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နေ ဦးညွန့်ဦး(SAE၊ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်လွင်လွင်မေ၊ အောက်စည်တီး အရှေ့ရွာနေ ဦးမြင့်ထွန်း-ဒေါ်နုနုရင်၊ ဦးသန်းထွန်း-ဒေါ်ခင်ဖုန်းမြင့်၊ ဦးညွန့်နိုင် (အရောင်းမန်နေဂျာ၊ လင်းပိုကုမ္ပဏီလီမိတက်၊ ရန်ကုန်)၊ ဦးခင်ထွန်း-ဒေါ်ငွေငွေရှင်၊ ကိုဝင်းထွေးတို့၏ မွေးသဖခင်၊ ဗိုလ်လောင်းကျော်မောင်မောင်ဦး(ပြင်ဦးလွင်)နှင့်မြေး ၁၆ ယောက်တို့၏အဘိုးသည် ၂၆-၆-၂၀၀၃ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၀၃ရက်တွင်အောက်စည်တီး အရှေ့ရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဆေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပထမဋ္ဌာပနာထည့်သွင်းလှူဒါန်းပူဇော်ပွဲ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာအုပ်စု လေးဒေါင့်ကန်ရွာဦးရှိ ရွှေပေါက်ကျွန်းမွေ့စခန်းသစ်အရှင်ဇေယျသိဒ္ဓိမွေ့ဥာဏ်က ရွှေပေါက်ကျွန်းဆရာတော်ကြီး၏ ဩဝါဒဖြင့် တည်ထားလျက်ရှိသော သဗ္ဗညုပုံတော်ပွားစေတီ ပထမဋ္ဌာပနာသွင်း လှူဒါန်းပူဇော်ပွဲကျင်းပမည်ဖြစ်ပါသဖြင့် ၁၃၆၅ခုနှစ်၊ဝါဆိုလပြည့်ကျော်၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ ကြွရောက်ပူဇော်လှူဒါန်း၍ ပါရမီကုသိုလ် ပါဝင်နိုင်ကြရန် ရပ်ဝေးရပ်နီးရှိ တပည့် ဝေနေယျအပေါင်းအား ဖိတ်ကြားအပ်ပါကြောင်း။

အကျိုးဆောင်အဖွဲ့
စေတီတော်ဖြစ်မြောက်ရေး။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ အမှတ်(၆၈)၊ အခန်း(၉)၊ ငါးလွှာ၊ ရေကျော်လမ်းမကြီးနေ (ဦးသန်းတင်)ပညာတန်ဆောင်၏ ဇနီး၊ ဦးကျော်ကျော်ဝင်း–ဒေါ်ချိုချို(King Way Enterprise Ltd.)၏မွေးသမီးခင်၊ မောင်လင်းသူကျော်၊ မောင်ဟိန်းဇင်ပိုင် (အထက–၂၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောအဘွား ဒေါ်မြမြ(ခ)ဒေါ်တင်တင်မြသည် ၁၂–၇–၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

King Way Enterprise Ltd.မိသားစု။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါ်သန်းသန်းနွဲ့(ခ)အနွဲ့ (၅၁)နှစ်
(လယ်ဝေး၊ တောင်ငူ)

အနွဲ့(ခ)ဒေါ်သန်းသန်းနွဲ့ ကွယ်လွန်ခဲ့သည်မှာ ယနေ့ ၁၈–၇–၂၀၀၃ရက်တွင် တစ်လတင်းတင်းပြည့်ခဲ့ပြီးဖြစ်သော်လည်း တစ်နေ့မှမေ့မရပါ။ မိခင်ကြီးအတွက် နေ့စဉ်ပြုသမျှ ကောင်းမှုကုသိုလ်တို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ချစ်ခင်ပွန်း – ဦးနေဝင်း
ချစ်သမီးကြီး – မကြည်ကြည်ဝင်း
ချစ်သား – မောင်စည်သူမောင်
ချစ်သမီးငယ်(အမွှာ)–အေးသန္တာဝင်း၊အေးစန္ဒာဝင်း
တောင်ငူမိသားစု။

ဦးစိန်ထွန်း (၈၄)နှစ်
စက်ရှင်တရားသူကြီး(အငြိမ်းစား)
B.A.,B.L
ဥပဒေဝန်ထမ်းအဆင့်(၁)(ငြိမ်း)ဗဟိုဥပဒေရုံး
တရားရုံးချုပ်ရှေ့နေ(သုံးဆယ်မြို့)၊
ပုသိမ်အသင်းဝင်

သုံးဆယ်မြို့နေ (ဦးဘိုးဦး–ဒေါ်စော)တို့၏ သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ တိုက်(၁၃၅)၊ အခန်း(၅)နေဒေါ်ခင်သန်းမြင့်၏ ခင်ပွန်း၊ ဦးကျော်ထွန်း(အငယ်တန်းအင်ဂျင်နီယာ၊ မြန်မာ့မီးရထား)–ဒေါ်အေးအေးမွန်တို့၏ ဖခင်၊ မောင်ဇော်လင်းကို(Third Year. Eco)၏ အဘိုးသည် ၁၅–၇–၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ရီ အသက်(၈၀)
(ရွှေဂုံတိုင်ကုန်း)

လှည်းကူးမြို့နေ ဦးအေးမောင်–ဒေါ်သီတို့၏ သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုရ(၉)လမ်း၊ အမှတ်(၂၇၀–ခ)နေ ဦးမြသီး(ဦးပညာသာမိ)၏ ဇနီး၊ ဦးဦးသာ(တပ်မတော်ရေ၊ငြိမ်း)၊ ဦးသိန်းထွန်း(တိုင်းဦးစီးမှူး၊ စက်/လယ်၊ ငြိမ်း)–ဒေါ်ကြည်ကြည်မြင့်၊ ဦးအောင်စိုး–ဒေါ်လှလှဝင်း၊ ဦးစိုးသိန်း(မန်နေဂျာ၊ ဘဏ်ချုပ်ကြီးကြပ်)–ဒေါ်တင်တင်လှ(ကြီးမှူးမစဘ၊ ကြည့်မြင်တိုင်)၊ ဦးမျိုးဟန်(ဦးစီးအရာရှိ၊ စက္ကူဓာတု)တို့၏ ချစ်လှစွာသော မိခင်၊ မမြစန္ဒာစိုး၊ မောင်ထွန်းအောင်ကျော်(ခေတ္တ–မလေးရှား)၊ မောင်ဟန်လွင်ဦး(2EP, GTC၊ ဝါးခယ်မ)၊ မသီရိဦး(အထက–၂၊ ဗဟန်း)၊ မောင်ဖြိုးဦးစိုး၊ မမေသူသူခိုင်(အမက–၃၊ ဗဟန်း)တို့၏အဘွားသည် ၁၇–၇–၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၃ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (၆၈)နှစ်
(စမ်းချောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ အမှတ်(၂၂/B)နေ ဦးတင်မြင့်၏ ဇနီး၊ ကိုသိန်းထွန်းဦး(ခေတ္တ–မလေးရှား)–မချိုချိုမြင့်၊ ကိုသောင်းညွှန့်(ခေတ္တ–မလေးရှား)–(မတင်တင်အေး)၊ ကိုရဲထွန်းဦး–မစမ်းစမ်းအေး၊ မောင်ဉာဏ်ဝင်း(ခေတ္တ–မလေးရှား)၊ မယဉ်ယဉ်မြင့်၊ မစုစုမြင့်(ခေတ္တ–UAE)၊ မလယ်လယ်မြင့်တို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၇–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဌေး (၅၄)နှစ်
စက်ပြင်အဆင့်(၁)(ငြိမ်း)၊
ခပ(၈)လိုင်း၊ (ဟင်္သာတ)

ဟင်္သာတမြို့နေ (ဦးလှတင်)–ဒေါ်သိန်းလှတို့၏ သား၊ (ဦးမြတ်သာ–ဒေါ်စောရင်)တို့၏ သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၂)လမ်း၊ အမှတ်(၁၃၂)နေ ဒေါ်တင်ညွန့်၏ ခင်ပွန်း၊ မသဇင်ဌေး(ပဋ္ဌမနှစ်၊ မြို့ပြ)၊ ဒုတိယဗိုလ်အောင်ကျော်မျိုး၊ မောင်ရဲလင်းအောင်(ဒုတိယနှစ်၊ရူပဗေဒ)တို့၏ဖခင် ဦးတင်ဌေးသည် ၁၄–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈–၇–၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးဟန်စိန် (၇၁)နှစ်

ဥက္ကံမြို့နေ (ဦးတိုက်ကျော်–ဒေါ်ငွေမှင်)တို့၏ သား၊ ဦးမောင်မောင်–(ဒေါ်ကြည်အေး)တို့၏ တူ၊ တောင်ဥက္ကလာပမြို့နေ (ဦးဘဘူ–ဒေါ်စောခင်)တို့၏ သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၆၉)နေ ဒေါ်မြင့်မြင့်သိန်း၏ ခင်ပွန်း၊ (ဦးစိန်အောင်)–ဒေါ်ညို၊ ဦးမြသောင်း–ဒေါ်မြင့်မြင့်တို့၏ ညီ/အစ်ကို၊ ဦးသန်းထွန်း–ဒေါ်ခင်စန်းယု၊ ဦးအောင်မြင့်–ဒေါ်စိန်စိန်ဦး၊ ဒေါ်မြမြသွယ်၊ မစန်းစန်းဝေ–မလှလှမြင့်၊ မောင်မျိုးမြင့်၊ မယဉ်ယဉ်မြင့်၊ မောင်မင်းဟန်ထွဋ်၊ မောင်တင်အောင်ကို၊ မောင်စိုးမင်းဦး၊ မောင်မင်းသိန်းနိုင်တို့၏ ဖခင်၊ မောင်ဝိုင်းချစ်၏ အဘိုး ဦးဟန်စိန်သည် ၁၇–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၃ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လှိုင် (၆၈)နှစ်
ဒုံးပျံဘက်ထရီ

ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောနေ (ဦးအုံးမြတ်–ဒေါ်ဖွားရှင်) တို့၏သား၊ (ဦးဘသွယ်–ဒေါ်သိန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၅၄၈)၊ ယုဇန(၂)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်စောတင်၏ ခင်ပွန်း၊ ဦးဗိုလ်လေး–ဒေါ်ဝင်းဝင်းကြည်၊ ဦးညီညီ–ဒေါ်ဝင်းဝင်းမြင့်၊ ဦးဇော်ဝင်း–ဒေါ်မြင့်မြင့်စန်း၊ ဦးခင်ဟုတ်–ဒေါ်သန်းသန်းအေး၊ ဦးမင်းထက်–ဒေါ်ငယ်ငယ်လှိုင်၊ ဦးဇော်မိုး–ဒေါ်မေမေလှိုင်၊ မဝေဝေလှိုင်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုး ဦးတင်လှိုင်သည် ၁၇–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၃ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးအောင် (၆၄)နှစ်
သောင်တုန်းမြို့နယ်၊ရာသက်ပန်အသင်းဝင်
(သောင်တုန်း)

ဧရာဝတီတိုင်း၊ သောင်တုန်းမြို့နယ်၊ (၃၅)လမ်းနေ (ဦးဘိုးသစ်–ဒေါ်သိန်းခင်)တို့၏ သား၊ (ဦးဘိုးတင့်–ဒေါ်သိန်းတင်)တို့၏ သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်းနေ (ဦးသိန်း)–ဒေါ်စန်းရီ၊(ဒေါ်အုန်းကြည်)၊ လှိုင်သာယာမြို့နယ်နေ (ဦးကြီးငွေ)–ဒေါ်အုန်းသင်၊ ဗဟန်း(၃)လမ်းနေ ဦးစိုးလှိုင်–ဒေါ်နီတို့၏ညီ/မောင်၊ သောင်တုန်းမြို့၊ ဝဲဒေါင့်ကျေးရွာနေ ကိုမြင့်အောင်၊ မဝင်းတင်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိတောက်လမ်းမ၊ အမှတ်(၁၈၃/ခ)နေ ဒေါ်အုန်းရီ၏ ခင်ပွန်း၊ (ကိုတင်မောင်စိုး–မချိုချိုမာ)၊ ကိုယဉ်စိုး–မခင်အုန်းမြင့်၊ ကိုတင်ဝင်းအောင်–မကြည်ကြည်စိုး၊ မရီရီစိုး၊ (မောင်ကျော်စွာစိုး)၊ (မောင်ကိုကို)–မဘောဘီစိုး၊ မောင်အောင်ကျော်စိုး–မဓာဓာလင်းတို့၏ မွေးသဖခင်၊ မြေး ၁၀ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၆–၇–၂၀၀၃ရက်တွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၈–၇–၂၀၀၃ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်လှတင် (၈၈)နှစ်
(ပြင်ဦးလွင်)
(ယခင်မန္တလေး A.B.M ကျောင်းနှင့်
ပြင်ဦးလွင် Colgate ကျောင်းဆရာမကြီး)

ပြင်ဦးလွင်မြို့၊ အမှတ်(၁၀၅)၊ ညံတောဘုရားလမ်းနေ (အငြိမ်းစားဗိုလ်မှူးအေးတိုး)၏ချစ်လှစွာသော ဇနီး၊ ဦး James Michael–ဒေါ်ခင်ညိမ်းတိုး၊ ဦးစောမြင့်–ဒေါ်မေနှင်းတိုး(ခေတ္တ–N.Z)၊ ဦးတင်အောင်–ဒေါ်မြလေးတိုး၊ ဦးရွှေလင်းတိုး(Bryan)–ဒေါ်စပ်အိမ်ဖိုင်(Cicellia)၊ ဒေါ်ဖြူသင်းတိုး(The Look Beauty Salon)–ဦးဉာဏ်မင်းမြင့်၊ ဦးကံဝင်းမြင့်–ဒေါ်ချိုအေးတိုး(အထက–၃၊ ပြင်ဦးလွင်)တို့၏ ချစ်လှစွာသောမိခင်၊ အေးမြသီတာ၊ သင်းလဲ့ဇင်ဝါ၊ Christine, Angela၊ ခိုင်ခိုင်၊ ဒင်ဒင်၊ နှင်းအဥ္ဇလီတို့နှင့်အောင်သူရိန်တို့၏ အဘွား ဒေါ်လှတင်သည် ၁၆–၇–၂၀၀၃ရက် ည ၇:၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ပြင်ဦးလွင်မြို့ ကရာနီနှစ်ခြင်းအသင်းတော်တွင် ၁၈–၇–၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်ခင်ထွေးရီ (၆၃)နှစ်
ရုံးအုပ်(ငြိမ်း)၊ဗဟိုဆေးသိုလှောင်ရေးဌာန
(ပုသိမ်)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်း၊ အမှတ်(၁၆၉)၊ သုံးထပ်(ဝဲ)နေ (ဦးမောင်ကလေး–ဒေါ်ခင်ရှိန်)တို့၏ သမီးထွေး၊ (ဦးစောမောင်–ဒေါ်ဝိုင်း)တို့၏ချွေးမ၊ ဒေါ်မမလေး၊ ဒေါ်သန်းရီတို့၏ညီမ၊ ဦးညွန့်လှိုင်(မန်နေဂျာ၊ ငြိမ်း၊ SSB)၏ ချစ်လှစွာသောဇနီး၊ ဦးနိုင်ဦးကို(မန်နေဂျာ၊ Pioneer Venture Co., Ltd.)၊ ဒေါ်မိုး သီတာ၊ ဒေါ်မိုးမာလာ(အထွေထွေမန်နေဂျာ၊ ထွန်းဘဏ်)၊ ဒေါ်မိုးသန္တာ(ဒု–မန်နေဂျာ၊ ထွန်းဘဏ်)–ဦးကျော်မိုးအောင်(E/EPIL)၊ ဦးရဲလင်းနိုင်(မန်နေဂျာ၊ MGS Co., Ltd.)–ဒေါ်တင်မိုးမိုးတို့၏ ချစ်လှစွာသောမိခင်၊ မောင်ရဲရင့်အောင်၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ထွေးရီသည် ၁၇–၇–၂၀၀၃ရက်တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၃ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ပွင့်လေး (၈၅)နှစ်
(ဆင်တလင်း)

ဦးဖိုးလုံ–ဒေါ်ငွေမှုံတို့၏ သမီး၊ ဦးသန်းစိုး(လူမှုဝန်ထမ်း)–ဒေါ်မူဂဲလး(တပ်မတော်အထည်ချုပ်စက်ရုံ)၊ ဆရာဦးသိန်းလွင်(အထွေထွေအတွင်းရေးမှူး၊ မခမမ)–ဒေါ်သန်းလှ(အမှုဆောင်အတွင်းရေးမှူး၊ မခမမ)၊ ဒေါ်အေးကျင်တို့၏ မွေးသမိခင်၊ နော်အေးအေးစိုး၊ နော်မြသီတာလွင်၊ နော်မြစန္ဒာလွင်၊ နော်နှာမီးရှုံ၊ သက်အောင်စိုး၊ အောင်ဇာမျိုးလွင်၊ နော်ထူးမြတ်ဆုလွင်တို့၏ အဘွားသည် ၁၇–၇–၂၀၀၃ရက်တွင် ခဝဲခြံမြက်မမြင်ကျောင်းဝင်းနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၉–၇–၂၀၀၃ (စနေနေ့) နံနက် ၉နာရီတွင် သမိုင်းခဝဲခြံ ပိုးကရင်နှစ်ခြင်း အသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ကျင်မြိုင် (၈၁)နှစ်
(မြောင်းမြမြို့၊ကံကြီးကျေးရွာ)

ပဲခူးမြို့နေ (ဦးတင်–ဒေါ်ရင်)တို့၏ သမီး၊ (ဦးမောင်စိန်–ဒေါ်ကျင်စိန်)၊ (ဦးသောင်စိန်)–ဒေါ်ရီတို့၏ ညီမ၊ (ဦးရွှေ)–ဒေါ်ကျင်လှိုင်တို့၏ အစ်မ၊ မြောင်းမြမြို့နယ်၊ ကံကြီးကျေးရွာနေ ဦးစီကို၏ ချစ်လှစွာသောဇနီး၊ ဦးစစ်ကြည်–ဒေါ်ဌေးဌေးသန်း၊ ဦးစိုးမြင့်–ဒေါ်ခင်ထွေး၊ ဒေါ်ယဉ်ယဉ်အေး၊ ဦးတင်မြင့်၊ (ဦးမျိုးလွင်)–ဒေါ်မြင့်မြင့်ဝင်း၊ ဦးတင်မြင့်–ဒေါ်နီနီဝင်း၊ ဒေါ်ခင်မျိုးဝင်း၊ (ဦးထွန်းမြင့်)–ဒေါ်ဌေးဌေးနှင်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ၂၂ယောက်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၁၇–၇–၂၀၀၃ရက်တွင် မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၃ (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း(အလယ်)၊ အမှတ်(၁၅၀) ဒုထပ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးကိုကိုလ(၃၉)နှစ်
(မလိခခန်းမ၊လှိုင်မြို့နယ်)

ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊(၁၃)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၂၂၁)၊ နေလဆီစက် (မလိခခန်းမ)နေ ဦးနေလ–ဒေါ်ကျင်ဝင်းတို့၏ သား၊ (ဦးကြည်)–ဒေါ်တင်ရီတို့၏ သားသမက်၊ ဒေါ်ကျင်နွဲ့၊ ဦးဘအောင်–ဒေါ်မြသွင်တို့၏ တူ၊ ဦးရစ်မိုး–ဒေါ်ခင်ပြုံး (သူရိယဆန်စက်၊ ဘိုကလေး)၊ ဦးဆန်နီ–ဒေါ်တင်နွယ်ဝင်း(မြန်မာထွန်းဆန်စက်၊မြင်းကကုန်း)တို့၏ ညီ/မောင်၊ ဒေါ်မြင့်မြင့်ကြည်၏ ခင်ပွန်း၊ မောင်အောင်နိုင်မိုး(သူရိယ)၊မဆုမြတ်ဆန်နီ(VI-F၊ ထ–၂၊စမ်းချောင်း)တို့၏ ဦးလေးသည် ၁၆–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈–၇–၂၀၀၃(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုရဲဝင်း (၃၇)နှစ်
B.A (History)

အောင်လံမြို့၊ကျောင်းစုရပ်၊သာသနာပြုကျောင်းလမ်းနေ (ဦးတင်ငွေ)–ဒေါ်အုံးကြည်တို့၏သား၊ ဦးရဲမြင့်–ဒေါ်တင်တင်မြ၊ ဦးရဲတင့်–ဒေါ်မာမာဦးတို့၏ ညီ/မောင်၊ ဦးစိုးသိန်း–ဒေါ်သန်းသန်းနွဲ့၊ ဦးမြင့်ထွေး–ဒေါ်ခင်မိုးခိုင်တို့၏ မောင်၊ ဦးရဲအောင်–ဒေါ်ယဉ်ယဉ်ထိုက်၊ဦးရဲနိုင်–ဒေါ်ခင်မျိုးသန့်တို့၏ အစ်ကို၊ တူ၊ တူမ ၁၂ယောက်တို့၏ ဦးလေးသည် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာလမ်း၊ VIP ရပ်ကွက်နေအိမ်၌ ၁၄–၇–၂၀၀၃ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၅–၇–၂၀၀၃ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမွန်စီမိုး (၈၁)နှစ်
(မော်လမြိုင်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၀၇)လမ်း၊ အမှတ်(၁၁/A)နေ (ဒေါ်ပြုံး)၏ ခင်ပွန်း၊ ဦးအောင်စိုး–ဒေါ်ရင်သွေး၊ ဦးဉာဏ်မြင့်–ဒေါ်သန်းသန်းဝေ၊ ဦးငွေတင်–ဒေါ်အေးအေးစု၊ ဦးမြင့်အောင်၊ ဦးစိုးအောင်–ဒေါ်ရွှေဇင်၊ ဦးကျော်စိုးဝင်း–ဒေါ်ခင်ယုဆွေ၊ ဦးအေးကျော်–ဒေါ်အေးမိစံတို့၏ မွေးသဖခင်၊ မြေး၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁၇–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးအောင်ထွန်း (၆၉)နှစ်
Retired Apprentice (U.K)
Retired UNOPS (Angola)

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ သဇင်လမ်း၊ (၂၉/၁၅၀)နေ (ဦးတင်–ဒေါ်သိန်းမေ)တို့၏ သား၊ ဒေါ်မြစိမ်း၏ ခင်ပွန်း၊ Adam Htoon-Fuwada Saleh(ခေတ္တ–Malasia)၊ မစန္ဒာထွန်း၊ အောင်မင်းထွန်း၊ အောင်မျိုးထွန်းတို့၏ ဖခင်၊ Hezan Norman Adam၊ Hanna Nadia Adamတို့၏ အဘိုးသည် ၁၇–၇–၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၉–၇–၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ သုခမ္မာဇရပ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (ရွှေပြည်သာနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းလှိုင်ဖြူ (၅၆)နှစ်
(CYRIL)

ရန်ကုန်မြို့၊ ဘောက်ထော်နေ (ဦးကြီးအောင်–ဒေါ်ရီရီအောင်)တို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉၈)၊ (၁၂၃)လမ်းနေ ဦးကိုကိုကြီး–ဒေါ်နှင်းတို့၏ သားသမက်၊ ဒေါ်သီသီ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးထွန်းဦး)–ဒေါ်သိန်းလှိုင်၊ ဒေါ်နုနုအေး–ဦးအောင်မင်း၊ ဦးစံရွှေအောင်–Ms. Doreen (Australia)တို့၏ညီ/မောင်၊ဒေါ်နွဲ့နွဲ့ရီ၊ ဦးမြင့်သာ–Marika Germany)၊ (မောင်ကျော်ဇံအောင်)တို့၏ အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ ဦးလေး၊ ဘကြီး ဦးသိန်းလှိုင်ဖြူသည် ၁၅–၇–၂၀၀၃ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၃(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမတစ်စု။

မောင်ကျော်ကျော်လင်း
အသက်(၂၇)နှစ်
မြေတိုင်း
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၉)ရပ်ကွက်၊ မြမဥ္ဇူ(၃)လမ်း၊ အမှတ်(၇၉၇)နေ ဦးအောင်သိန်း–ဒေါ်တင်အုန်းတို့၏ တူ/သား၊ ဦးဝင်းမြင့်(စီမံကိန်း၊ အိုးအိမ်)–ဒေါ်ကြည်ညွန့်တို့၏ သား၊ မအေးသီတာကျော်(မြေတိုင်း–မြို့/အိုး)၊ မအေးသန္တာကျော်(မြေခွန်–မြို့/အိုး)၊ မနန်းစိုးစံတို့၏ အစ်ကိုသည် ၁၆–၇–၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၈–၇–၂၀၀၃(သောကြာနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာ
ဒေါက်တာဦးမောင်မောင်စိုး
အသက်(၉၁)နှစ်
(ဗိုလ်မှူး–အငြိမ်းစား)
ကြည်း/၃၃၃၈၊ ဆမ–၁၀၂

ရန်ကုန်မြို့၊အမှတ်(၂)၊ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဘစို–ဒေါ်ရွှေပု)တို့၏ သား၊ (ဒေါ်တင်တင်နု)၏ခင်ပွန်း၊ဒေါ်နုနုစိုး၊ဒေါက်တာတင်မောင်စိုး(Special Skin-YGN)–ဒေါ်ချိုချိုအေး၊ဦးတင်မောင်မြင့်စိုး၊ ဦးတင်မောင်မြတ်စိုး(TEPM)–ဒေါ်ဂလိုရီယာတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ခင်ဌေးညွန့်၊ ဦးရဲဌေး၊ဒေါ်ခင်ဆွေသွင်တို့၏ ဘကြီးသည် ၁၆–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈–၇–၂၀၀၃ (သောကြာနေ့)နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချိန်စွီ (၈၉)နှစ်
(ပန်းတနော်)

ပန်းတနော်မြို့၊ အမှတ်(၂၁၁)၊ ဗိုလ်ချုပ်လမ်း၊ အနောက်ပိုင်းနေ ဒေါ်ကျင်ပို၏ ခင်ပွန်း၊ မကျင်ဥ၊ ကိုဝမ်စိမ်း–မမြသန်းနွယ်၊ ကိုဝမ်ဟင်းတို့၏ ဖခင်၊ အောင်ကိုထက်၊မဆုရွှန်းလဲ့အောင်၊ မဝင်းပုလဲဖြူတို့၏အဘိုးသည် ၁၆–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၈–၇–၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ပန်းတနော်မြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းစိန် (၈၆)နှစ်
(သုံးခွ)

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ (၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၈၅)နေ (ဦးဘိုးရှမ်း–ဒေါ်ဖွားခင်)တို့၏ သမီး၊ (ဦးဆိုက်ဟွန်–ဒေါ်ကျင်ကျော့)၊ (ဦးဆိုက်ရှု–ဒေါ်ကျင်တင်)၊ (ဦးဆိုက်စိန်၊ မိသားစု ဘက်ထရီ–ဒေါ်ထွေး)၊ (ဒေါ်သန်းကြည်)၊ ရမည်းသင်းမြို့နေ (ဦးကျော်တွမ်–ဒေါ်အုန်းကု)၊ (ဦးဆိုက်ရှု–ဒေါ်စောတင်)၊ (ဦးဆိုက်ဝါ–ဒေါ်ခင်ညွန့်)တို့၏ ညီမ၊ သုံးခွမြို့နေ ဦးဆိုက်ကျင်(စာပေနှင့်စာနယ်ဇင်း)–ဒေါ်လေးချို၊ ရန်ကုန်မြို့နေ (ဦးကျင်မောင်) – ဒေါ်သန်းရွှေတို့၏ အစ်မသည် ၁၆–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈–၇–၂၀၀၃(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဥက္ကံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမကြီး
ဒေါ်သန်းရင် (၈၆)နှစ်
(မုဒုံ)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၆)လမ်း၊ အမှတ်(၄၀)နေ (ဦးကျင်ဝှက်–ဒေါ်သန်းရွှေ)၊ (ဦးကြည်ဝင်း)–ဒေါ်ခင်ရွှေ၊ (ဦးထွန်းလင်း)–ဒေါ်မြတင်၊ ဦးသောင်းအေး–ဒေါ်ယဉ်ကြည်၊ (ဦးလှသိန်း)–ဒေါ်အေးရီတို့၏ မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၆ယောက်တို့၏ အဘွားသည် ၁၆–၇–၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍၁၈–၇–၂၀၀၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အလုပ်သမားဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
မစ္စစ်ဂျီဒယ်နီရယ်(ခ)
ဆရာမကြီးဒေါ်ရှန်သာကူမာရီ
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊အမှတ်(၂၀)၊ဗိုလ်တထောင်လမ်းသွယ်(၁) လမ်းနေ (သိက္ခာတော်ရဆရာ ဦးဂျီဒယ်နီရယ်)၏ ဇနီး၊ သိက္ခာရဆရာမဒေါ်ရှည်ဒယ်နီရယ်၊ ဒေါ်ဂျင်နီဒယ်နီရယ်၊ဒေါ်အယ်လနော်(ခ) ဆာဂိုဂျင်နီ၊ ဆရာမဒေါ်အယ်နီ(ခ)ကရူးပါး၊ ဒေါ်မေရီတို့၏ မွေးသမိခင်သည် ၁၆–၇–၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၈–၇–၂၀၀၃(သောကြာနေ့) နံနက်၁၀နာရီတွင် တယ်လဂူမက်သဒစ်အသင်းတော်၊ (၂၃၉) ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အထက်ပါ နေအိမ်မှကားများ နံနက် ၉:၃၀နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မဆွေဆွေနိုင် (၃၁)နှစ်
B.Sc. (Bot)
(တောင်ကုတ်)

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ်(၄၈၁)နေ ဦးတင်မြင့်–ဒေါ်သန်းရင်တို့၏ သမီးလတ်၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ (ဈ/၃၃/၂၃)၊ ရေဖြူလမ်းနေ ဦးကြာထွန်း–ဒေါ်စိန်တင်နုတို့၏ သမီးချွေးမ၊ မခင်သီတာ၊ မနီနီမြင့်တို့၏ ညီမ၊ မခင်ချိုချိုမြင့်(အလက၊ အင်းဒင်၊ မောင်တောမြို့နယ်)၊ မောင်ဘခိုင်ကြီးတို့၏ အစ်မ၊ ဒေါ်သောင်းမြင့်(အထက–၃၊ရွှေပြည်သာမြို့)၊ ဦးစံထွန်း(YTU အင်းစိန်)–ဒေါ်စိန်မြင့်(အထက၊ ထန်းတပင်မြို့)၊ ဦးကျော်မြင့်(အိုး/အိမ်၊ ရွှေပြည်သာ)–ဒေါ်သန်းသန်းနု(အလက–၃၊ ရွှေပြည်သာမြို့)တို့၏ ညီမ၊ မောင်ဖြိုးမင်းဇော်၏ အစ်မ၊ တောင်ကုတ်မြို့နယ်ရာသက်ပန်အသင်းဝင် ဦးတင်မြင့်အောင်(အကောက်ခွန်)၏ ချစ်လှစွာသော ဇနီးသည် ၁၆–၇–၂၀၀၃ရက်တွင် တောင်ကုတ်မြို့ နေအိမ်၌ ကွယ်လွန်ပါ၍ ၁၈–၇–၂၀၀၃ (သောကြာနေ့)တွင် တောင်ကုတ်မြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးအောင်ညွန့်(ငြိမ်း)
(ရွှေဘိုအောင်ညွန့်)
ကြည်း/၅၂၄၀
အသက်(၉၅)နှစ်
မော်ကွန်းဝင်ဒုတိယဆင့်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်

တောင်ငူမြို့၊ အုတ်ကျွတ်တန်းနေ (ဦးနီ)၊ (ဦးကျော–ဒေါ်သင်းနု)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးစိန်–ဒေါ်ခင်ညွန့်(ခ) ဒေါ်ကေသာ) (သန္တိသုခချောင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ (ခ/၃၂)၊ သဇင်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်၊ အင်းစိန်မြို့နယ်နေ ဒေါ်နီ၏ ချစ်လှစွာသောခင်ပွန်း၊ ရဲအုပ်မျိုးညွန့်(မြစ်ကြီးနား၊ မူးယစ်အထူး)–ဒေါ်သန်းသန်းဝင်း၊ ဒေါ်ဝင်းကြည်(အင်/ယာမှူး၊ လျှပ်စစ်၊ မြန်မာ့မီးရထား)၊ ဦးမျိုးအောင်(ရေနံဓာတု)–ဒေါ်မြင့်ကြည်(စက်မှုစားကုန်၊ ဂျုံလုပ်ငန်း)၊ ဗိုလ်ကြီးမြင့်ကြိုင်(ငြိမ်း)–ဗိုလ်ကြီးဒေါ်မြင့်ရီ(တအက–၅၀၀)၊ ဗိုလ်ကြီးအေးကို(ငြိမ်း)(ရန်ကုန်မြို့တော်စည်ပင်)–ဒေါ်နန်းချစ်နှင်း၊ ဦးအောင်မြင့်စိုး–ဒေါ်ညွန့်နီ၊ ဦးဝင်းမောင်–ဒေါ်နွယ်နီ(အလက–၄၊ မင်္ဂလာဒုံ)တို့၏ မွေးသဖခင်ကျေးဇူးရှင် ဗိုလ်မှူးအောင်ညွန့်(ငြိမ်း)သည် ၁၄–၇–၂၀၀၃ရက် မွန်းလွဲ ၁:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၇–၂၀၀၃ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် တပ်မတော်ဆေးရုံကြီးအအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းလှိုင်ဖြူ (၅၆)နှစ်
(CYRIL)
GENERAL MANAGER, BEN LINE AGENCIES(M) Ltd.

ရန်ကုန်မြို့၊ ဘောက်ထော်နေ (ဦးကြီးအောင်–ဒေါ်ရီရီအောင်)တို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉၈)၊ (၁၂၃)လမ်းနေ ဦးကိုကိုကြီး–ဒေါ်နှင်းတို့၏ သားသမက်၊ ဒေါ်သီသီ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုကျော်ဇေယျ(ခေတ္တ–Australia)၊ မယုဇန–ကိုတိုးတိုးဦး(Singastar Co., Ltd)၊ ကိုထွန်းထွန်းခိုင်(ခေတ္တ–Germany)တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မောင်ဝေယံကိုကို(VI C၊ အထက–၁၊ ဒဂုံ)၏ ဘိုးရှန် ဦးသိန်းလှိုင်ဖြူသည် ၁၅–၇–၂၀၀၃ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၃(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)
ဒေါက်တာဦးမောင်မောင်စိုး
အသက်(၉၁)နှစ်
နာယက

ရန်ကုန်မြို့၊ အမှတ်(၂)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ နာယကဒေါက်တာ ဦးမောင်မောင်စိုးသည် ၁၆–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈–၇–၂၀၀၃(သောကြာနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းသားများပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ခရမ်းမြို့နယ်အသင်း
ဒေါ်တင်ရွှေ (၈၅)နှစ်
ခရမ်းမြို့နယ်အသင်းနာယက

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၆၁)နေ ဦးဟန်တင်(သီဟသက်န်းတိုက်)၏ ဇနီး၊ အသင်းနာယက ဒေါ်တင်ရွှေသည် ၁၆–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၇–၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ပေါင်းတည်အသင်း(ရန်ကုန်)
ဦးခင်ထွန်း (၆၆)နှစ်

ပေါင်းတည်မြို့၊ (၁၁)လမ်းနေ ဒေါ်ရီရီမြင့်၏ ခင်ပွန်း ရာသက်ပန်အသင်းဝင် ဦးခင်ထွန်းသည် ၁၇–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈–၇–၂၀၀၃ရက် ညနေ ၃နာရီတွင် နေအိမ်မှ ပေါင်းတည်မြောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးကျော်မြင့် (၅၄)နှစ်
မြန်မာ့ရေလုပ်ငန်း(အလုံ၊ အငြိမ်းစား)
(စမ်းချောင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၉၃၉)၊ ဘုရင့်နောင်လမ်းမကြီး၊ (၄၃)ရပ်ကွက်နေ ဒေါ်သန်းသန်းစီ၏ ခင်ပွန်း၊ ပဲခူးတိုင်း၊ ထိန်တောနေ (ဦးချစ်လှ–ဒေါ်တင်သိန်း)၊ သာယာကုန်းရွာနေ ဦးကြီးရွှေ–ဒေါ်ခင်ကြည်၊ (ဦးခင်အေး)–ဒေါ်ကြည်၊ ဦးမောင်ခွေး–ဒေါ်ခင်ထွေးတို့၏တူ၊ (ဦးခင်ညွန့်)၊ (ဦးပု)–ဒေါ်အေးမိစံတို့၏ ညီ/မောင်၊ ကိုဇော်ဝင်း(မြန်မာ့ဆိပ်ကမ်း)၊ လက်ပံတန်းမြို့နေ ဦးစိုးဝင်း–ဒေါ်လှသိန်း၊ ဒေါ်သန်းသန်းဦး(အလက၊ နတ်ဖန်ကွင်း)၊ မောင်အောင်ကိုဝင်း–မခင်မြဦး၊ မောင်ဝင်းနိုင်–မမွန်မွန်စိုးတို့၏ အစ်ကိုကြီး၊ စမ်းချောင်း၊ ဝေဠုဝန်လမ်းကျယ်နေ (ဗိုလ်ကျော်သူရ)၊ ကိုဇော်လွင်(ခ)ဖိုးချို–မစန္ဒာဝင်းတို့၏ ဦးလေး၊ မကေသီကျော်(ခ)မချော၊ မောင်သူရမော်–မခင်သီတာမိုး၊ မောင်အောင်ဌေးဦး၊ မဇင်ဇင်မင်း၊ မောင်ဉာဏ်လင်းထက်တို့၏ မွေးသဖခင်၊ မဆုလဲ့ဇော်၏ အဘိုးသည် ၁၅–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၃(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးဘသွင် (၈၁)နှစ်
လက်ထောက်ဘဏ္ဍာရေးမှူး(ငြိမ်း)
ယခင် မြန်မာ့လျှပ်စစ်ဓာတ်အား
ကော်ပိုရေးရှင်း
(ရန်ကင်း၊ ပျဉ်းမနား)

ပြင်ဦးလွင်မြို့ (ဦးသန်း၊သစ်တော–ဒေါ်သိန်းခင်)တို့၏ သားကြီး၊ ပျဉ်းမနားမြို့ (ဆရာကြီး ဦးရွှေသွင်–ဒေါ်ချစ်)တို့၏ သားသမက်၊ (ဒေါ်ခင်မြင့်သွင်-C.M.A)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ခင်မာမာ)၊ ဘီတီဘရားသားဦးဘသိန်း–ဒေါ်တင်တင်ကြည်၊ ဦးမောင်မောင်လတ်(ဒု–တိုင်းဦးစီးဌာနမှူး၊ လဝက–ငြိမ်း)–ဒေါ်တင်တင်ဦး၊ (ဦးစိန်မောင်–ဒေါ်စန်းမြင့်)၊ ဦးစိန်ဝင်းမောင်၊ ဒေါ်တင်တင်ထား(ကုန်သွယ်ရေး–ငြိမ်း)၊ ဦးသိန်းထွန်း–ဒေါ်ရီရီမြင့်တို့၏ ကျေးဇူးရှင်အစ်ကိုကြီး၊ ဦးရေအေး–ဒေါ်နန်းစံနွန်း၊ ဦးအောင်ကျော်စိုး–ဒေါ်သန်းသန်းနွယ်၊ ဦးပီတာဘသိန်း–ဒေါက်တာနန်းလင်း၊ ဒေါ်နှင်းနှင်းအေး၊ ဦးရဲအောင်ကျော်–ဒေါ်ခင်မြတ်မူ၊ ဒေါ်အေးအေးသန့်[AO-MRCS (HQ)] ဦးကျော်ဇင်လတ်၊ ဒေါ်နှင်းနှင်းလတ်၊ ဦးဇော်လင်း–ဒေါ်ငြိမ်းငြိမ်းစိုး၊ ဦးမောင်မောင်မြင့်–ဒေါ်ဖြူဖြူစိန်တို့၏ ဘကြီး၊ မြေး ၁၀ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၆–၇–၂၀၀၃ရက်တွင် အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၈–၇–၂၀၀၃(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ရန်ကင်း၊ တိုက်(၁၆၅/၆)နေအိမ်မှကားများ နံနက် ၉:၃၀နာရီထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်အေး (၅၇)နှစ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
တေးသံရှင်ဖျာပုံခင်မောင်အေး
မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်

ဧရာဝတီတိုင်း၊ဖျာပုံမြို့နယ်၊ မော်ဘီကျေးရွာနေ(ဦးထွန်း) – ဒေါ်ခင်သောင်းတို့၏သား၊ (ဦးသိန်းမောင်–ဒေါ်မြကြည်)တို့၏သားသမက်၊ဦးတင်ထွန်း–ဒေါ်ထွေးမြင့်၊ ဒေါ်ခင်မြင့်တို့၏တူ၊ ဦးခင်မောင်–ဒေါ်စန်းရီတို့၏ညီ/မောင်၊ဦးခင်မောင်မြင့်၊ ဦးသန်းလွင်(MEB)–ဒေါ်ညွန့်ညွန့်(မြန်မာ့အာမခံ)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နာနတ်တောဝန်ထမ်းအိမ်ရာ၊တိုက်(၅)၊အခန်း(၂)နေဒေါ်တင်စန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသက်လွင်(မြန်မာ့ရုပ်/သံ)–မစုစုအေး၊ မောင်ဇော်လင်းအေး (MFTB)တို့၏ မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၅–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉–၇–၂၀၀၃ရက် ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မစန်းစန်းမေ (၁၄)နှစ်
အထက–၃၊ တာမွေ၊ (VII-E)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၅၆)ရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ်(၄၁၉/ခ)နေ ဦးခင်မောင်တင့်–ဒေါ်ဦးခင်ညွန့်(အထက–၃၊ တာမွေ)တို့၏သမီး၊ မတင်တင်ရီ(2nd Year U.D.E)၊ မသင်းသင်းဆွေ(1st Year Eco.)တို့၏ ညီမ၊ မောင်ကိုကိုမောင်(အထက–၃၊ တာမွေ)၏ အစ်မသည် ၁၆–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၇–၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြိုင်ကြီးငူဆရာတော် (၅၅)နှစ်မြောက် ဝိဇာတမင်္ဂလာ အခမ်းအနားနှင့် ကရင်ပြည်နယ် စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူအထူးဒေသ) ပဉ္စမအကြိမ် သံဃာအပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန်　　ဇူလိုင်　　၁၇

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ (၅၅)နှစ်မြောက် ဝိဇာတမင်္ဂလာ အခမ်းအနားနှင့် ကရင်ပြည်နယ် စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူအထူးဒေသ) ငြိမ်းချမ်းမင်္ဂလာအထိမ်းအမှတ် ပဉ္စမအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက် နံနက် ၉နာရီတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူအထူးဒေသ)ရှိ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအမှူးပြုသော ဆရာတော်သံဃာတော်အပါး ၁၀၀၀ တို့ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးချိုထွန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်ရွှေသံလွင်ကုမ္ပဏီမိသားစု၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ (၅၅)နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားနှင့် ကရင်ပြည်နယ် စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူအထူးဒေသ)ငြိမ်းချမ်းမင်္ဂလာအထိမ်းအမှတ် ပဉ္စမအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လှူဖွယ်ပစ္စည်းများကို မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နတ်သားတောရေလှောင်တမံ ရေထိန်းမျှော်စင်



မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် တည်ဆောက်နေသော နတ်သားတောရေလှောင်တမံတွင် ဆည်ရေပေးမည့်ရေထိန်းမျှော် စင် ကို ဇူလိုင် ၁၀ ရက်က တွေ့ရစဉ်။
(သတင်းဆောင်းပါး-ရှေ့ဖုံး)
[ဓာတ်ပုံမှတ်တမ်းတင် - အောင်မိုး (ကြေးမုံ)]

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်း

ရန်ကုန်　　ဇူလိုင်　　၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း လေယာဉ်ခရီးစဉ်များကို ၂၀၀၃ခုနှစ်အတွင်း တိုးချဲ့ပျံသန်းပေးလျက်ရှိရာ အပတ်စဉ် တနင်္လာနေ့တိုင်း ရန်ကုန်/မကွေး/ရန်ကုန် ခရီးစဉ်ကို အက်ဖ်-၂၇ လေယာဉ်ဖြင့်လည်းကောင်း၊ ကြာသပတေးနေ့တိုင်း ရန်ကုန်/မကွေး/မန္တလေး/ကလေး/မန္တလေး/မကွေး/ရန်ကုန် ခရီးစဉ်ကို အက်ဖ် - ၂၈ လေယာဉ်ဖြင့် လည်းကောင်း ပျံသန်းပေး လျက်ရှိပြီး ဩဂုတ် ၃ရက် (တနင်္ဂနွေနေ့)မှစ၍ အပတ်စဉ်တနင်္ဂနွေနှင့် ကြာသပတေးနေ့တိုင်း အက်ဖ်-၂၇ လေယာဉ်ဖြင့် မန္တလေး/ဟုမ္မလင်း/မန္တလေး ခရီးစဉ်များကို စတင်ပျံသန်းပေးမည် ဖြစ်သည်။

(သတင်းစဉ်)

ရွာရန်ရာနှုန်း(၈၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်

ရန်ကုန်　　ဇူလိုင်　　၁၇

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ၊ ပညာရေးမြှင့်တင်မှု လုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန် ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့)ကို ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။

(သတင်းစဉ်)